# KEY STATEMENTS FOR THE 2023 THANKSGIVING BLENDING CONFERENCE

ကျွန်ုပ်တို့သည် ခရစ်တော်ထက် အခြားမည်သည့် ပုဂ္ဂိုလ်၊ အရာများ သို့မဟုတ် အကြောင်းကိစ္စများအပေါ် အာရုံစူးစိုက်ခြင်း မရှိဘဲ၊ ကျွန်ုပ်တို့၏အလယ်ဗဟိုအဖြစ် ဘုရားသခင် ခန့်အပ်ထားသော ခရစ်တော်အပေါ်မှာသာ အာရုံစူးစိုက်သင့်သည်။ ပြဿနာများအားလုံး အထူးသဖြင့် ကွဲပြားခြင်း၏ အကြောင်းအရာ၌ တစ်ခုတည်းသော ဖြေရှင်းချက်မှာ အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။

သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းတွင် သွင်ပြင်များစွာရှိသည် - သခင်ဘုရား၏မျက်မှောက်တော်ကို ဝမ်းမြောက်ခြင်း၊ ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၌အသက်ရှင်ခြင်းကို ဝမ်းမြောက်ခြင်း၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို ဝမ်းမြောက်ခြင်း၊ ဘုရားသခင်၏ကျေနပ်ခြင်းမြစ်ရေကို သောက်သုံးခြင်းအား ဝမ်းမြောက်ခြင်း၊ ဘုရားသခင်၏မေတ္တာတော်ကို သိကျွမ်းခြင်းအား ဝမ်းမြောက်ခြင်း၊ ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်းအား ဝမ်းမြောက်ခြင်း၊ ပတ်ဝန်းကျင်အခြေအနေအားလုံး၌ ကျေနပ်ရောင့်ရဲခြင်းကို ဝမ်းမြောက်ခြင်းနှင့် နိုင်ငံတော်၌ သခင်ဘုရား၏ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ခြင်း တို့ဖြစ်သည်။

ယောသပ်၏အသက်တာမှတ်တမ်းမှာ ဝိညာဉ်တော်၏အုပ်စိုးမှုကို ဖွင့်ပြခြင်းဖြစ်ပြီး၊ ဝိညာဉ်တော်၏အုပ်စိုးမှုသည် ရင့်ကျက်သောသန့်ရှင်းသူ၏ စိုးစံခြင်း သွင်ပြင်ဖြစ်သည်။ ဝိညာဉ်တော်၏ အုပ်စိုးမှုအရိုက်အရာ (အသက်၌စိုးစံခြင်းအသက်တာ၊ ဘုရားသခင့်နိုင်ငံတော်၏ စစ်မှန်ခြင်း၌ ဘုရားဆိုင်ရာအသက်၏ ကန့်သတ်ခြင်း၊ ချုပ်ထိန်းခြင်းအောက်တွင် ရှိခြင်းအသက်တာ) သည် ဝိညာဉ်တော်၏ အခြားမည်သည့်သွင်ပြင်ထက်မဆို ပို၍မြင့်မားသည်။

ကျွန်ုပ်တို့ရှေ့၌ ထားရှိသော ဝမ်းမြောက်ခြင်းမှာ သတို့သားဖြစ်သော သခင်ယေရှုသည် မိမိကိုယ်ကို အဆင်သင့်ဖြစ်စေပြီးဖြစ်သော ကိုယ်တော်၏ သတို့သမီး - သတို့သမီး၏ရင့်ကျက်ခြင်း၊ သတို့သမီး၏ တည်ဆောက်ခြင်း၊ သတို့သမီး၏ ဖြောင့်မတ်ခြင်း၊ သတို့သမီး၏လှပမှုနှင့် ဘုရားသခင်၏ရန်သူကို နှိမ်နင်းမည့် စစ်သူရဲဖြစ်သည့် သတို့သမီးအတွက် ကြွလာခြင်းပင် ဖြစ်သည်။

*© 2023 Living Stream Ministry*

**Outline of the Messages**
**for the Thanksgiving Day Conference**
**November 23-26, 2023**

**GENERAL SUBJECT:**
**ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့်**
**ရင့်ကျက်ခြင်းသို့တိုင်အောင် အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်း**

Message One
**အသင်းတော်ရှိ ပြဿနာများအားလုံးသို့ တုန့်ပြန်ချက်အဖြစ် ဖြေရှင်းချက်အဖြစ်**
**အရာအားလုံးပါဝင်သောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း**

ဖတ်ရန်ကျမ်း။ ။ ၁ကော၊ ၁း၂၊ ၉။ ၂း၉-၁၀။ ၁၃း၁-၈။ ယေရမိ၊ ၂း၁၃။ မြည်၊ ၃း၂၂-၂၄

**I. ကောရိန္သုပထမစာစောင်သည် အသင်းတော်ရှိ ပြဿနာများအားလုံးသို့ တုန့်ပြန်ချက်အဖြစ် ဖြေရှင်းချက်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း စာစောင်ဖြစ်သည်။ ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ခရစ်တော်ကို ဘုရားသခင့်စီမံကိန်း၏ တုန့်ပြန်ရာမဲ့သော အလယ်ဗဟိုအဖြစ်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ်တို့၏ ဝေစုအဖြစ် ကျွန်ုပ်တို့အဖို့ အရာအားလုံး အဖြစ်သော်လည်းကောင်း ပြန်လည်ရယူရန် ဖြစ်သည် - ၁း၂၊ ၉၊ ၂၄၊ ၃၀။**

A. ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို မိတ်သဟာယဖွဲ့ခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းသို့ ခေါ်ဆောင်ခြင်း ခံရသည် (အငယ်၊ ၉)။ *မိတ်သဟာယ* ဟူသော စကားလုံးသည် မွေ့လျော်ဝမ်းမြောက်မှု ခံယူချက် ပါဝင်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ပျော်ရွှင်မှုအတွက် ဘုရားသခင်က ကျွန်ုပ်တို့အား ခွဲဝေပေးထားသည့် ကျွန်ုပ်တို့၏ဝေစုဖြစ်တော်မူသည် (အငယ်၊ ၂။ ကော၊ ၁း၁၂)။

B. ကောရိန္သုပထမစာစောင်၌ တမန်တော် ပေါလု၏ရည်ရွယ်ချက်မှာ ကောရိန္သုမြို့သားများအကြား ပြဿနာများကို ဖြေရှင်းရန်ဖြစ်သည်။ ပြဿနာအားလုံး အထူးသဖြင့် ကွဲပြားခြင်း အကြောင်းအရာအတွက် တစ်ခုတည်းသောအဖြေမှာ အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ခရစ်တော်မှလွဲ၍ အခြားမည်သည့် ပုဂ္ဂိုလ်၊ အရာဝတ္ထု၊ သို့မဟုတ် မည်သည့်အရာများအပေါ် အာရုံစူးစိုက်ခြင်းမရှိဘဲ၊ ခရစ်တော်ကိုသာ အာရုံစူးစိုက်သင့်သည်။ ယုံကြည်သူများအကြားရှိ ပြဿနာအားလုံးကို ဖြေရှင်းနိုင်စေရန် ကျွန်ုပ်တို့၏ တုန့်ပြန်ရာမဲ့ ဗဟိုချက်အဖြစ် ဘုရားသခင်က ခန့်အပ်ထားသော ခရစ်တော်ကို အာရုံစိုက်သင့်ပါသည် - ၁း၉။ ကော၊ ၁း၁၇၊ ၁၈။

D. ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ခရစ်တော်ကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်မှုနှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်အတွက် ခရစ်တော်ကို အပြည့်အဝရရှိခြင်းဖြစ်သည်။ ဤသည်မှာ မိလေနီနိုင်ငံတော်၌ ကျွန်ုပ်တို့၏ဆုအဖြစ် ခရစ်တော်ကို အဆုံးစွန် အကြွင်းမဲ့ မွေ့လျော်ဝမ်းမြောက်ခွင့်ရရှိခြင်းအား ထွက်ပေါ်စေသည် - ဖိ၊၃း၁၄။ မ၊ ၂၅း၂၁၊ ၂၃။

E. ကျွန်ုပ်တို့သည် "တစ်ခုတည်းသောအရာကို စဉ်စား" သောသူများဖြစ်ရန် လိုအပ်သည်။ ဖိလိပ္ပိစာစောင်၌ တစ်ခုတည်းသောအရာသည် ခရစ်တော်ကို အတွင်းကျကျသိနားလည်ခြင်းနှင့် တွေ့ကြုံခံစားခြင်းကို ရည်ညွှန်းသည်။ ထိုတစ်ခုတည်းသောအရာမှာ ခရစ်တော်ကို အမြတ်ရရှိရန်နှင့် ကိုယ်တော်ကို ပိုင်ဆိုင်ရန် ကိုယ်တော်ကို ရှာဖွေခြင်းဖြစ်သည် - ၂း၂၊ ၅။ ၁း၂၀-၂၁။ ၃း၇-၁၄။ ၄း၁၃။

F. တစ်ခုတည်းသောအရာမှလွဲ၍ အခြားအရာတစ်ခုကို စဉ်းစားခြင်းသည် ဘုရားသခင်၏ စီမံကိန်းကို ပုန်ကန်ခြင်းဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်းမှာ ကျွန်ုပ်တို့သည် တစ်ခုတည်းသောအရာကို စဉ်းစားရန် ဖြစ်သည်။ အသင်းတော် အသက်တာ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသူအားလုံးအား တစ်ခုတည်းသောအရာကိုသာ စဉ်းစားလာစေရန် ကူညီပေးဖို့ လိုအပ်သည်။ ကျွန်ုပ်တို့၏ စဉ်းစားခြင်းများသည် အသင်းတော်အသက်တာအတွက်၊ ကိုယ်ခန္ဓာတော်အသက်တာအတွက် ခရစ်တော်ကို အလယ်ဗဟိုပြု၍၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝနေသင့်သည်။

G. ကောရိန္သုပထမစာစောင်၌ ဘုရားသခင်သည် အနည်းဆုံးအချက် နှစ်ဆယ်၌ရှိသော ကြွယ်ဝခြင်းများနှင့်အတူ ထိုအရာအားလုံးပါဝင်သော ခရစ်တော်ကို ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏ ဝေစုအဖြစ် ကျွန်ုပ်တို့အား ပေးထားကြောင်း ဖွင့်ပြထားသည်။ ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာ၏ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည် - ၁း၉။

1. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့အား ဘုရားသခင်ပေးအပ်သော ဝေစုအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - အငယ်၊ ၂။
2. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့အဖို့ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်းဖြစ်သော ဘုရားသခင်၏ ပညာတော်နှင့် ဘုရားသခင်၏တန်ခိုးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်- အငယ်၊ ၂၄၊ ၃၀။
3. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ဘုန်းထင်ရှားခြင်းအတွက် ဘုန်းတော်၏ဘုရားသခင်၊ ဘုန်းတော်၏ ရှင်ဘုရင်အဖြစ်ပင် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ၂း၇-၈။ ရော၊ ၈း၃၀။ ဆာ၊ ၂၄း၆-၁၀။
4. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်၏အနက်နဲဆုံး (နက်နဲသောအရာများ) အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ၁ကော၊ ၂း၁၀။
5. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်၏တည်ဆောက်ခြင်း၏တုနှိုင်းရာမဲ့ တိုက်မြစ်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ၃း၁၁။
6. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ပသခါသိုး သငယ်(၅း၇)၊ တဆေးမဲ့မုန့်(အငယ် ၈၊)၊ ဝိညာဉ်ရေးရာအစာ၊ ဝိညာဉ်ရေးရာသောက်သုံးခြင်းနှင့် ဝိညာဉ်ရေးရာကျောက်(၁၀း၃-၄)အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်။
7. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဦးခေါင်းတော်(၁၁း၃။ ကော၊ ၂း၁၉။ ဧ၊ ၁း၁၉-၂၃)၊ ကိုယ်ခန္ဓာတော်(၁ကော၊ ၁၂း၁၂၊ ၂၄-၂၅က။ ဧ၊ ၄း၁၅-၁၆)အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်။
8. ကျွန်ုပ်တို့သည် ခရစ်တော်ကို အဦးသီးသောအသီး (၁၅း၂၀၊၂၃)၊ ဒုတိယလူ(အငယ်၊ ၄၇)နှင့် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်လာရန် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့သော နောက်ဆုံးသော အာဒံအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်။

**II. ဘုရားသခင်သည် သားတော်၏မိတ်သဟာယအထဲသို့၊ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်သွင်းတော်မူရာ၌ သစ္စာနှင့်ပြည့်စုံတော်မူသည်။ သို့သော် အကြိမ်ပေါင်းများစွာ၌ ကိုယ်တော်၏ အကြံအစည်တော်အထဲသို့ ကျွန်ုပ်တို့အား ကိုယ်တော်၏ ခေါ်သွင်းတော်မူခြင်းအပေါ် သစ္စာမရှိကြပေ - ၁း၉။ ယေရမိ၊ ၂း၁၃။ မြည်၊ ၃း၂၂-၂၄။**

A. ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ကျေနပ်နှစ်သိမ့်မှုနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးရန် အသက်ရှင်သောရေ၏ အရင်းအမြစ်နှင့် စမ်းရေတွင်းဖြစ်ရန် ဖြစ်သည်။ ဤမွေ့လျော်ဝမ်းမြောက်မှု၏ပန်းတိုင်မှာ ဘုရားသခင်၏တိုးပွားခြင်း၊ ဘုရားသခင်၏ကြီးမားထင်ရှားခြင်း၊ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းအဖြစ် ဘုရားသခင်၏ အဖော်အဖက်၊ အသင်းတော်ကို ထုတ်လုပ်ရန်ဖြစ်သည် - ယော၊ ၃း၂၉-၃၀။ ဧ၊ ၁၆-၁၉၊ ၂၁။

B. အသက်ရှင်သောရေ၏ စမ်းရေတွင်းအဖြစ် ဘုရားသခင်ကို ယူဆောင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ နေ့စဉ်တိုင်း ကိုယ်တော်ကို သောက်သုံးရန်နှင့် ကိုယ်တော်ကို စီးထွက်ရန် ဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့အား သခင်ဘုရားထံ အဆက်မပြတ်ခေါ်ဆိုရန် (သီချင်းသီဆိုခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်း၊ ဆုတောင်းခြင်း၊ ချီးမွမ်းခြင်းနှင့် ဘုရားသခင်၏ ကယ်တင်ခြင်းအမှုတို့ကို အခြားသူများအား သိစေခြင်း) တောင်းဆိုသည် - ဆာ၊ ၃၆း၈-၉။ ဟေရှာ၊ ၁၂း၃-၆။ ၁ကော၊ ၁၂း၁၃။ ယော၊၇း၃၇-၃၉။ ၄း၁၀၊ ၁၄။ ရော၊ ၁၀း၁၂-၁၃။ ၁သက်၊ ၅း၁၆-၁၈။

C. ဘုရားသခင်ကို သောက်သုံးခြင်းဖြင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်မည့်အစား ဘုရားသခင်၏ လူတို့သည် ဆိုးညစ်မှု နှစ်ပါးကို ပြုခြင်းအားဖြင့် ကိုယ်တော်ကို သစ္စာမဲ့ခဲ့ကြသည်။ "ငါ၏လူတို့သည် ဆိုးညစ်မှုနှစ်ပါးကို ပြုကြပြီ။ သူတို့သည် အသက်စမ်းရေတွင်းတည်း ဟူသော ငါ့ကို စွန့်ပယ်၍၊ မိမိတို့အဖို့ ရေမလုံသော ရေကျင်းများ၊ ပဲ့ပျက်သော ရေကျင်းများကို တူးကြပြီ" - ယေရမိ၊ ၂း၁၃။

1. ပထမဦးစွာ ဘုရားသခင်၏ လူတို့သည် သူတို့၏မွေ့လျော်ဝမ်းမြောက်ရာအတွက် အရင်းအမြစ်၊ စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ကို စွန့်ပယ်ခဲ့ကြသည်။ ဒုတိယအနေဖြင့် သူတို့သည် သူတို့အား ကျေနပ်နှစ်သိမ့်ခြင်းမပေးနိုင်သော သို့မဟုတ် သူတို့အား ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်း တည်းဟူသော ဘုရားသခင်၏ ကြီးမားထင်ရှားခြင်း မဖြစ်စေနိုင်သော ဘုရားသခင်မဟုတ်သည့် အခြားအရင်းအမြစ်သို့ လှည့်ပြောင်းသွားခဲ့ကြသည်။
2. ရေကျင်းတို့ကို တူးခြင်းသည် အစ္စရေးလူမျိုးတို့က ဘုရားသခင်နေရာတွင် အစားထိုးဖို့ တစ်စုံတစ်ရာ (ရုပ်တုများ)ကို ပြုလုပ်ရန် သူတို့၏လူသားဆိုင်ရာအားထုတ်မှု၌ ပင်ပန်းခက်ခဲစွာ လုပ်ဆောင်ခြင်းကို ပုံဆောင်သည်။ ဤရေကျင်းတို့သည် ရေမလုံ၊ ပဲ့ပျက်နေခြင်းမှာ အသက်ရေအဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးသော ဘုရားသခင်ကိုယ်တော်တိုင်မှလွဲ၍၊ မည်သည့်

အရာမျှ ကျွန်ုပ်တို့ကို ရေလတ်မှု မပြေစေနိုင်ကြောင်းနှင့် ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ဘုရားသခင်၏တိုးပွားမှု ဖြစ်မလာစေနိုင်ကြောင်းကို ရည်ညွှန်းသည် (ယော၊၄း၁၃-၁၄)။

D. ဆိုးယုတ်ခြင်း၏ ဆိုးညစ်သောအခြေအနေမှာ သူတို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန် စားသောက်၊ သောက်သုံးခြင်းငှာ သခင်ဘုရားထံတော်သို့ မလာခြင်းဖြစ်သည်။ သူတို့သည် များစွာသော အမှုတို့ကို ပြုကြသော်လည်း သူတို့သည် သခင်ဘုရားကို ဆက်သွယ်ရန်၊ ကိုယ်တော်ကို ယူဆောင်ရန်၊ ကိုယ်တော်ကို လက်ခံယူရန်၊ ကိုယ်တော်ကို မြည်းစမ်းရန်နှင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် မလာကြပေ။ ဘုရားသခင်၏ရှေ့တော်၌ ဤအရာထက် ဆိုးညစ်သော အရာတစ်ခုမျှ မရှိပါ - ဟေရှာ၊ ၅၇း၂၀။ ညွှန်း၊ ၅၅း၁-၂၊ ၆-၇။

E. ကျွန်ုပ်တို့သည် သစ္စာမရှိကြသော်လည်း၊ ဘုရားသခင်သည် သစ္စာရှိတော်မူသည်။ သို့သော် ကိုယ်တော်၏ သစ္စာတော်သည် ကျွန်ုပ်တို့၏ ဇာတိ သိနားလည်ခြင်း သို့မဟုတ် အယူအဆအတိုင်း မဟုတ်ပါ။

1. ဘုရားသခင်သည် ကျွန်ုပ်တို့၏ ရုပ်တုများအားလုံးကို ပယ်ရှားခြင်းငှာ သစ္စာရှိတော်မူသည်။ သခင်ဘုရားထက် ကျွန်ုပ်တို့ ပို၍ချစ်သော သို့မဟုတ် ကျွန်ုပ်တို့အသက်တာ၌ သခင်ဘုရားကို အစားထိုးသော မည်သည့်အရာမဆိုသည် ရုပ်တုဖြစ်ပေသည် - ယေဇ၊ ၁၄း၃။ ၁ယော၊ ၅း၂၁။

2. ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ အပြင်ပိုင်း ငြိမ်သက်မှု၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်နှစ်သိမ့်မှုနှင့် သက်သောင့်သက်သာရှိမှုနှင့် ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုတို့သည် ကျွန်ုပ်တို့အား လမ်းလွဲသွားစေရန် ဦးဆောင်သည့် ရုပ်တုများ ဖြစ်လာနိုင်သည်။ သို့သော် ဘုရားသခင်သည် ဤအရာများကို ပယ်ရှားပေးရန် သစ္စာရှိတော်မူသည်။ သို့မှသာ ကျွန်ုပ်တို့သည် အသက်ရှင်သော စမ်းရေတွင်းအဖြစ် ကိုယ်တော်ကို သောက်ခြင်းရှိနိုင်မည် ဖြစ်သည်။

3. ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိကိုယ်ကိုယ်၌ ကိုးစားခြင်းမရှိဘဲ၊ ကိုယ်တော်၌ ကိုးစားရန် သင်ယူစေဖို့ ကျွန်ုပ်တို့အား ဒုက္ခဆင်းရဲများ ကြုံတွေ့စေရန် အခွင့်ပေးရာ၌ သစ္စာရှိတော်မူသည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့အား ခရစ်တော်ကို မွေ့လျော်ရန်၊ ခရစ်တော်ကို စုပ်ယူရန်၊ ခရစ်တော်ကို သောက်သုံးရန်၊ ခရစ်တော်ကို စားသုံးရန်နှင့် ခရစ်တော်ကို ကျေညက်ရန် ကိုယ်တော်၏စီမံကိန်းအထဲသို့ ကျွန်ုပ်တို့ကို ဦးဆောင်ပေးနိုင်မည်ဖြစ်သည်။ သို့မှသာ ဘုရားသခင်သည် ကိုယ်တော်၏ စီမံကိန်းကို ပြည့်စုံစေရန်အတွက် ကျွန်ုပ်တို့ထဲ၌ တိုးပွားလာနိုင်မည်ဖြစ်သည် - ယေ၊၁၇း၇-၈။ ၂ကော၊၁း၈-၉။ ယော၊ ၁၆း၃၃။ ၁ကော၊ ၁၀း၃-၄။ ၁၂း၁၃။

4. ဘုရားသခင်သည် ခရစ်တော်ကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းမှလွဲ၍ အခြားမည်သည့်အရာကိုမျှ စိတ်မဝင်စားပါ။ ကျွန်ုပ်တို့၏ ကျရှုံးမှုများကြောင့် မျှော်လင့်ချက်ကင်းမဲ့နေသည်ဟု ကျွန်ုပ်တို့ ထင်ကောင်းထင်နိုင်သော်လည်း၊ ဘုရားသခင်သည် စိတ်ပျက်ခြင်းရှိတော်မမူပါ။ ကျွန်ုပ်တို့၏ ကျရှုံးခြင်းများသည် ကျွန်ုပ်တို့အတွက် အရာအားလုံးဖြစ်လာရန် ခရစ်တော်ဝင်ရောက်လာဖို့ လမ်းဖွင့်ပေးကာ၊ ကိုယ်တော်ကို ကျွန်ုပ်တို့အား ရင့်ကျက်မှုဆီသို့ ပို့ဆောင်ပေးနိုင်စေပါသည် - ရော၊ ၈း၂၈-၂၉။ ဟေဗြဲ၊ ၆း၁က။ က၊ ၃၇း၁နှင့် မှတ်စု၊ ၁။ ၄၇း၇နှင့် မှတ်စု၊ ၁။

**III. ကောရိန္တုပထမစာစောင်သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ကိုယ်တော်အား ချစ်ရန် (၂း၉-၁၀။ ၁၆း၂၂)နှင့် အချင်းချင်း ချစ်ရန် (၁၃း၁-၈က) ဖြစ်ကြောင်း ဖွင့်ပြထားသည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် သခင်ယေရှုကို ရှေးဦးမေတ္တာဖြင့် (ဗျာ၊ ၂း၄။ ၁ယော၊ ၄း၁၉) ချစ်ခြင်းနှင့် ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်အတွက် (ဧ၊ ၄း၁၆) အချင်းချင်းချစ်ခြင်းကို ပြန်လည်ရယူခြင်း ဖြစ်သည်။**

A. သခင်ဘုရားကို ကျွန်ုပ်တို့၏ ချစ်ခြင်းသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ စိတ်နှလုံးထဲသို့ ဝင်ရောက်စေရန်နှင့် ၎င်း၏လျှို့ဝှက်ချက်များအားလုံးကို နားလည်နိုင်စေခြင်းငှာလည်းကောင်း၊ ဘုရားသခင်က ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးထားသော၊ စီမံထားတော်မူသော နက်နဲ၍ ဝှက်ထားသောအရာများ၌ ကျွန်ုပ်တို့ ပါဝင်ဆက်ဆံခြင်းရှိဖို့ သိနားလည်ခြင်းငှာလည်းကောင်း ကျွန်ုပ်တို့ကို တတ်စွမ်းစေရန်အတွက် မရှိမဖြစ် တောင်းဆိုချက် ဖြစ်သည် - ၁ကော၊ ၂း၉-၁၀။ မ၊ ၂၂း၃၇-၃၈။ ဆာ၊ ၇၃း၂၅။ ၁၁၆း၁-၂။

1. အသင်းတော်အသက်တာ၏ ပါဝင်မှုသည် ခရစ်တော်ကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအပေါ်တွင် မူတည်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်လေလေ၊ ပါဝင်သောအရာ ကြွယ်ဝလာလေလေဖြစ်သည်။ သို့သော် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ကိုယ်တော်ကို ရှေ့ဦးမေတ္တာနှင့် ချစ်ရန်လိုအပ်သည် - ဗျာ၊ ၂း၄-၅၊ ၇။

2. အသင်းတော်၏ ကျဆင်းခြင်းသည် သခင်ဘုရားအပေါ် ရှေ့ဦးမေတ္တာ စွန့်ခြင်းမှ အစပြုသည်။ သခင်ဘုရားကို ရှေ့ဦးမေတ္တာ၊ အကောင်းဆုံးသော မေတ္တာဖြင့် ချစ်ရန်မှာ အရာခပ်သိမ်း၌ ကိုယ်တော်ကို အထူးမြတ်ဆုံးသောနေရာ၊ ပထမဦးဆုံးနေရာ ပေး

ခြင်း၊ ကျွန်ုပ်တို့၏အသက်တာ၌ အရာခပ်သိမ်းအဖြစ် ယူဆောင်ရန်နှင့် အောက်မေ့ရန် ကိုယ်တော်၏ မေတ္တာတော်အားဖြင့် အနိုင်အထက် သွေးဆောင်ခံခြင်းဖြစ်သည် - ဗျာ၊ ၂း၄-၅။ ကော၊ ၁း၁၈ခ။ ၂ကော၊ ၅း၁၄-၁၅။ မာ၊ ၁၂း၃ဝ။ ဆာ၊ ၇၃း၂၅-၂၆။

3. သခင်ယေရှု၌ ယုံကြည်သောအခါ ကျွန်ုပ်တို့ရရှိသော အသက်သည် ပုဂ္ဂိုလ်တော်ဖြစ်ပြီး၊ ဤပုဂ္ဂိုလ်တော်ကို ယူဆောင်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သခင်ယေရှုကို ရှေ့ဦးမေတ္တာဖြင့် ချစ်ခြင်းအားဖြင့်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်အဖြစ် သခင်ယေရှုသည် ပုဂ္ဂိုလ်တော်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် ဤအခိုက်အတန့်နှင့် နေ့စဉ် အချိန်တိုင်းတွင် ကိုယ်တော်၏ ယခုရှိနေသော မျက်မှောက်တော်ကို ခံစားနိုင်ရန် ကိုယ်တော်နှင့် အသစ်သော ဆက်သွယ်မှုရှိရန် လိုအပ်သည် - ယော၊၁၁း၂၅။ ၁၄း၅-၆။ ၁တိ၊ ၁း၁၄။ ယော၊ ၁၄း၂၁၊ ၂၃။ ၂ကော၊ ၅း၁၄-၁၅။ ဗျာ၊ ၂း၄-၇။ ကော၊ ၁း၁၈ခ။ ရော၊ ၆း၄။ ၇း၆။

4. ကျွန်ုပ်တို့သည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ပြည့်လျှံနေသောသူများဖြစ်ရမည်။ ဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့ ထံသို့ တဟုန်းဟုန်းစီးနေသော ရေကြီးစီးခြင်းကဲ့သို့ ဖြစ်သင့်ပြီး၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ထိန်းချုပ်မှုထက် ကျော်လွန်ကာ ကိုယ်တော်ကို အသက်ရှင်ရန်နှင့် ကိုယ်တော်ကို အဆုံးစွန်ချစ်ရန် ကျွန်ုပ်တို့အား လှုံ့ဆော်ပေးသည် - ၂ကော၊ ၅း၁၄။

5. သခင်ဘုရားကို အဆုံးစွန်ထိ ချစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်၌ ကျွန်ုပ်တို့၏ အသက်တာနေ့ရက် တစ်လျှောက်လုံးနေရမည်အကြောင်း၊ ကိုယ်တော်၏ တင့်တယ်တော်မူခြင်း (ချစ်ဖွယ်ကောင်းခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်း၊ ကြည်နူးဖွယ်ဖြစ်ခြင်း)ကို ဖူးမြင်၍၊ ကိုယ်တော်၏ ဗိမာန်တော်၌ ဘုရားသခင်ကို မေးလျှောက်ခြင်းအကြောင်း အလိုဆန္ဒရှိကာ ရှာဖွေသောသူများဖြစ်ရန် လိုအပ်သည်။ သခင်ဘုရားကို မေးလျှောက်ခြင်းသည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ အရာ အားလုံးကို သခင်ဘုရားထံ စစ်ဆေးရန် ဖြစ်သည် - ဆာ၊ ၂၇း၄။

B. ချစ်ခြင်းမေတ္တာသည် ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ရန်အတွက် ဘာမဆိုဖြစ် ရန် သို့မဟုတ် မည်သည့်အရာမဆို လုပ်ဆောင်ရန် ကျွန်ုပ်တို့အဖို့ သာလွန်ထူးမြတ်ဆုံးသော နည်းလမ်း ဖြစ်သည် - ၁ကော၊ ၁၂း၃၁ခ - ၁၃း၈၊ ၁၃။ ညွှန်း၊ ၁၄း၁၊ ၃၊ ၄ခ။

1. "အသိပညာသည် ထောင်လွှားစေတတ်၏။ မေတ္တာမူကား တည်ဆောက်တတ်၏"။ ကျွန်ုပ်တို့သည် အမှုတော် ဝေငှချက် များကို နားကောင်းနားထောင်ပြီး အသိပညာသက်သက်ဖြင့် ထောင်လွှားခြင်း ရှိကောင်းရှိမည် ဖြစ်သည်။

2. ချစ်ခြင်းမေတ္တာ၏တရားဖြစ်သော အသက်၏ ဝိညာဉ်တော်တရား (ရော၊ ၈း၂။ ဂလ၊ ၆း၂-၃)သည် ကျွန်ုပ်တို့အတွင်း၌ အသက်သွင်းသောအခါ၊ သခင်ဘုရား၌ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ ကြိုးစားအားထုတ်ခြင်း (၁ကော၊ ၁၅း၅၈။ ၁သက်၊ ၁း၃)ဖြစ်သည်။ ယင်း၌ ကျွန်ုပ်တို့သည် အားနည်းသူများကို အားပေး ထောက်မ၍ (တ၊၂ဝး၃၅။ ၁သက်၊ ၅း၁၄)၊ အားနည်းသောသူများသည် သူတို့၏ ဝိညာဉ် သို့မဟုတ် စိတ်၊ ကိုယ်ခန္ဓာ သို့မဟုတ် ယုံကြည်ခြင်း အားနည်း သောသူများကို ရည်ညွှန်းသည်။

3. ကျွန်ုပ်တို့ ချစ်မြတ်နိုးသော ခရစ်တော်သည် အသင်းတော်ကို ချစ်သော ခရစ်တော်ဖြစ်သည် (ဧ၊ ၅း၂၅)။ ကိုယ်တော်ကို ကျွန်ုပ် တို့ ချစ်သောအခါ၊ ကိုယ်တော်ပြုသကဲ့သို့ ကျွန်ုပ်တို့သည် အသင်းတော်ကို ချစ်ကြလိမ့်မည်။ အသင်းတော်အသက်တာသည် ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာရှိခြင်းအသက်တာဖြစ်သည်(၁ယော၊ ၄း၇-၈။ ၂ယော၊ ၅-၆။ ယော၊ ၁၅း၁၇။ ဗျာ၊ ၃း၇။ ဧ၊ ၅း၂။ ညွှန်း၊ ယု၁၊ ၁၂က)၊ ကိုယ်ခန္ဓာတော်သည် မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်လျက်ရှိသည်(ဧ၊ ၄း၁၆) - ဧ၊ ၅း၂၅။

4. ကျွန်ုပ်တို့၏ ဘုရားသခင်ပေးထားသော၊ အသစ်တစ်ဖန်မွေးဖွားသော ဝိညာဉ်သည် ချစ်ခြင်းမေတ္တာ၏ ဝိညာဉ်ဖြစ်သည်။ ယနေ့ အသင်းတော်၏ ကျဆင်းယိုယွင်းမှုကို အနိုင်ယူရန် မေတ္တာ၏ တောက်လောင်သောဝိညာဉ်ရှိဖို့ လိုအပ်သည် - ၂တိ၊ ၁း၇။ ရော၊ ၁၂း၁ဝ-၁၁။

5. ခရစ်တော် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအတွက် တစ်လုံးတစ်ဝတည်းရှိခြင်း၊ တည်ဆောက်ခြင်းနှင့် အတူတကွ ရောနှော ပေါင်းစည်းခြင်းကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ပို၍တိုးဝင်လာသည်နှင့်အမျှ တစ်ဦးကို တစ်ဦး အပေါ်ထားရှိသော ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အတွက် စစ်မှန်လာသည် - ၁ကော၊ ၁၂း၁၄-၂၇။ ရော၊ ၁၆း၁- ၁၆။ ကော၊ ၄း၁၆။ ယော၊ ၁၂း၂၄။ ဝတ်၊ ၂း၄-၅။

© 2023 Living Stream Ministry

Message Two

## သုံးပါးတစ်ပါးဘုရား၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း ဖြစ်လာခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၁၅း၁၃။ ၁၄း၁၇။ ယော၊၁၅း၄၊ ၁၁။ ဂလ၊၅း၂၂

### I. သုံးပါးတစ်ပါးဘုရားသည် ဝမ်းမြောက်ခြင်း၏ဘုရားသခင် ဖြစ်သည်။

A. ရော၊၁၅း၁၃ ၌ "ယခုတွင် မျှော်လင့်ခြင်းအရှင် ဘုရားသခင်သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို သင်တို့၌ ဖြည့်ပေးတော်မူပါစေသော"ဟု ဖော်ပြထားသည်။

1. ဤသည်မှာ ဝမ်းမြောက်ခြင်းသည် ဘုရားသခင်၏ဂုဏ်အင်္ဂါများမှ တစ်ခုဖြစ်ကြောင်း ညွှန်ပြသည်။
2. ဘုရားသခင်သည် မွေ့လျော်ဝမ်းမြောက်ခြင်း၏ ဘုရားသခင်ဖြစ်သည်။
3. ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှု၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျေးဇူးတော်အဖြစ် မွေ့လျော်ပါက၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိကြလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိသောအခါ၊ ဝမ်းမြောက်ခြင်းလည်း ရှိကြလိမ့်မည်ဖြစ်သည်။

B. ခရစ်တော်သည်လည်း ယုံကြည်သူတို့အဖို့ ဝမ်းမြောက်ခြင်းဖြစ်သည်။

1. ယော၊၁၅း၁၁ ၌ သခင်ဘုရားက "သင်တို့၌ ငါ၏ဝမ်းမြောက်ခြင်း တည်စေခြင်းငှာလည်းကောင်း၊ သင်တို့၏ဝမ်းမြောက်ခြင်း စုံလင်စေခြင်းငှာလည်းကောင်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏"ဟု ပြောဆိုခဲ့သည်။
2. ဤကျမ်းပိုဒ်၏ စကားစပ်မှာ စပျစ်နွယ်ပင်နှင့် အကိုင်းအခက်များဆိုင်ရာ သခင်ဘုရား၏စကားတော်ဖြစ်သည်။
3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစပျစ်နွယ်ပင်၏ အကိုင်းအခက်များ ဖြစ်ခြင်းမှာ ဝမ်းမြောက်ခြင်း၏အကြောင်းအရာ - ဝမ်းမြောက်ခြင်းနှင့် ပြည့်သောအသက်တာ ဖြစ်သည်။
4. ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းသည် သခင်ဘုရား၌ ကျွန်ုပ်တို့တည်နေခြင်းမှ၊ ကိုယ်တော်၏မေတ္တာတော်၌ ကျွန်ုပ်တို့ တည်နေခြင်းမှ အမြဲတမ်း လာသည်။
5. ဤကဲ့သို့သော အသက်တာ၌ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံကြသည်။
6. ဤဝမ်းမြောက်ခြင်းသည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ တည်သောအခါ၊ ကိုယ်တော်၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၌ တည်နေပြီး၊ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း အရင်းအမြစ် ဖြစ်လာကာ၊ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကို ပြည့်လျှံ၊ စုံလင်စေ၍၊ ကျွန်ုပ်တို့၏နေ့ရက်များကို ဝမ်းမြောက်ခြင်းနှင့် အသက်ရှင်စေသည်။

C. သန့်ရှင်းသောဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းရှိသည်- ရော၊၁၄း၁၇။

1. ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကို မွေ့လျော်ရန်နှင့် ကိုယ်တော်၏ အကြံအစည်တော်အတွက် အသက်ရှင်စေရန် အလိုရှိသည်- နေ၊၈း၁၀။ ဧ၊၃း၁၁။
2. သုံးပါးတစ်ပါးဘုရားသည် ဝမ်းမြောက်ခြင်း၏ဘုရားသခင်ဖြစ်ပြီး၊ တမန်တော်များသည် သန့်ရှင်းသူတို့၏ဝမ်းမြောက်ခြင်းအတွက် သန့်ရှင်းသူတို့နှင့် လုပ်ဖော်ဆောင်ဖက်ချင်းများ ဖြစ်ကြသည်- ရော၊၁၅း၁၃။ ယော၊၁၅း၁၁။ ၁၇း၁၃။ တ၊၁၃း၅၂။ ဂလ၊၅း၂၂။ ၂ကော၊၁း၂၄။ ဖိ၊၁း၂၅။ ၂း၇-၁၈။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံး၌ သခင်ဘုရား၏စကားတော် ရှိခြင်း၏ ဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားရသည်- ယေ၊၁၅း၁၆။
4. ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖွင့်ပြထားသည့် ချိုမြိန်သော စဉ်းစားခြင်းမှာ ခရစ်တော်၌ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို ကျေးဇူးတော်အဖြစ် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်လာရန် ကျွန်ုပ်တို့အား ပေးအပ်တော်မူခြင်း ဖြစ်သည်- ယော၊၁း၁၄၊၁၆-၁၇။ ၂ကော၊၁၃း၁၄။
   a. သမ္မာကျမ်းစာ၌ လူနှင့် ဘုရား၏ဆက်နွယ်မှုကို ပထမဆုံး ရည်ညွှန်းဖော်ပြချက်၌၊ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို လူထံသို့ အစားအစာအဖြစ် တင်ဆက်ထားသည်။ ဤသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်စေရန် အလိုရှိကြောင်း ပြသသည်- က၊၂း၇၊ ၉။ ဆာ၊၁၆း၁၁။ ယေ၊၁၅း၁၆။

b. ဘုရားသခင်၏ အလိုဆန္ဒမှာ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်လာရန်အလို့ငှာ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးအပ်ရန် ဖြစ်သည်- နေ၊၈း၁၀။

c. ခရစ်ယာန်အသက်တာ၏လျှို့ဝှက်ချက်မှာ ကိုယ်တော်အတွက် ကျွန်ုပ်တို့ မည်မျှ လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်ကို ကျွန်ုပ်တို့က မည်မျှ စုပ်ယူခြင်းနှင့် မွေ့လျော်ဝမ်းမြောက်မှုရှိခြင်း ဖြစ်သည်- ယော၊၁၅း၄-၅။ ကော၊၂း၆-၇။

## II. သုံးပါးတစ်ပါးဘုရား၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း ဖြစ်လာသည်။

A. ကိုယ်တော်၏ပုဂ္ဂိုလ်တော်၌ ခရစ်တော်သည် ယုံကြည်သူတို့အဖို့ ဝမ်းမြောက်ခြင်းဖြစ်သည်။

1. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်ရှိမက၊ ကိုယ်တော်၏မေတ္တာ၌တည်ခြင်းဖြင့် ကိုယ်တော်၌တည်ခြင်းကို ဆက်လက်ထိန်းသိမ်းထားမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံကြလိမ့်မည်- ယော၊၁၅း၁၀-၁၁။

2. သခင်ဘုရားသည် ခရစ်ယာန်အများစု၌ လွဲချော်လျက်ရှိခဲ့သော အကြောင်းအရာများကို ပြန်လည်ရယူနေပြီး၊ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ဤအကြောင်းအရာများထဲမှ အရေးအကြီးဆုံးအရာများမှ တစ်ခုဖြစ်သည် - ၁ပေ၊၁း၈။

3. သခင်ဘုရားကို စားသုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းသည် ယော၊၆း၅၇ အပေါ်တွင် အခြေခံထားသည်။

4. ခရစ်ယာန်အသက်ရှင်ခြင်းသည် တစ်နေ့ပြီးတစ်နေ့ သခင်ဘုရားကို စားသုံးခြင်း၊ သောက်သုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း အသက်တာဖြစ်သည် - ယော၊၆း၅၇။ ၁ကော၊၁၀း၄။

5. ကျွန်ုပ်တို့သည် သစ္စာရှိသော၊ ပုံမှန်ဖြစ်သော၊ သင့်လျော်မှန်ကန်သော ခရစ်ယာန်များဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့အဓိကဂရုစိုက်ရန် လိုအပ်သော အကြောင်းအရာမှာ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့ထံ ရှုပါရုံဖြစ်လာရန် လိုအပ်သည် - သု၊၂၉း၁၈။ တ၊၂၆း၁၉။

6. ကျွန်ုပ်တို့၏ဝိညာဉ်သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ဦးဆောင်မှုပြုရန် လိုအပ်သည် - ဟေဗြဲ၊၄း၁၂။

a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို တိုက်ရိုက်အသုံးပြုရန်နှင့် စိတ်ကို ဝိညာဉ်၏နောက်လိုက်ဖြစ်စေရန် သင်ယူရမည်ဖြစ်သည်။

b. ကျွန်ုပ်တို့၏ဝိညာဉ်သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ စိတ်အားထက်သန်စွာ ဦးဆောင်မှုပြုရမည်။

7. ခမည်းတော်ထံသို့ ကိုယ်တော်၏ဆုတောင်းခြင်း၌ သားတော်က "ယခုတွင် အကျွန်ုပ်သည် ကိုယ်တော်ထံ သွားရမည် ဖြစ်၍၊ ဤသူတို့သည် အကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို သူတို့၌ ပြည့်စုံစေမည်အကြောင်း၊ ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏" ဟု ပြောဆိုခဲ့သည်-ယော၊၁၇း၁၃။

a. ဝမ်းမြောက်ခြင်းဖြင့် ပြည့်ဝခြင်းသည် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်း၌ ရှိသည်။

b. ကျွန်ုပ်တို့သည် ခမည်းတော်၏အသက်အားဖြင့် ခမည်းတော်၏နာမတော်၌ တစ်လုံးတစ်ဝဖြစ်ပြီး၊ ခမည်းတော်ကို အတူတကွ မွေ့လျော်ဝမ်းမြောက်ကြသောအခါ၊ သခင်ဘုရား၏ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့၌ ပြည့်စုံစေခြင်း ရှိလာသည်- အငယ်၊၁၃။

B. ချစ်တော်မူသောသားတော်၏ နိုင်ငံတော်ဖြစ်သော အသင်းတော်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကိုယ်တော်၏အရာအားလုံး ဖြစ်ခြင်းအထိ တွေ့ကြုံခံစားပြီး၊ မွေ့လျော်ဝမ်းမြောက်ကြသည်- ကော၊၁း၁၂-၁၃၊ ၂၇။ ၂း၉၊ ၁၆-၁၇။ ၃း၁၊ ၄၊ ၁၁။

1. ခရစ်တော်သည် ကျွန်ုပ်တို့၏ ခွဲခန့်ထားသောဝေစု၊ ကျွန်ုပ်တို့၏ ကောင်းသောမြေ - ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားဆိုင်ရာအမွေ ဖြစ်သည်- ၁း၁၂။

2. ခရစ်တော်သည် စကြဝဠာ၌ အပြုသဘောဆောင်သော အရာအားလုံး၏ စစ်မှန်ခြင်း ဖြစ်သည်- ၂း၁၆-၁၇။

3. ခရစ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်၌ ထိုင်နေသောအရှင်ဖြစ်သည်- ၃း၁။

4. ခရစ်တော်သည် ကျွန်ုပ်တို့၏ဘုန်းမျှော်လင့်ရာအဖြစ် ကျွန်ုပ်တို့၌ ကိန်းဝပ်တည်နေတော်မူသည်- ၁း၂၇။

5. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည်- ၃း၄။

6. ခရစ်တော်သည် လူသစ်တစ်ဦး၏ပါဝင်ဖွဲ့စည်းမှုဖြစ်သည်- အငယ်၊၁၀-၁၁။

C. ၁ပေ၊၁း၈ အရ ယုံကြည်သူများသည် "ပြော၍မမီနိုင်သော ဘုန်းတော်ပြည့်ဝခြင်းကို ရွှင်လန်းဝမ်းမြောက်ကြသည်။"

1. ဤဝမ်းမြောက်ခြင်းသည် ဘုန်းတော်တည်းဟူသော သခင်ဘုရား၌ နစ်မြုပ်နေသည်။ ထို့ကြောင့် ၎င်းသည် သခင်ဘုရား၏ထင်ရှားခြင်းနှင့် ပြည့်ဝနေသည်။
2. သခင်ဘုရားအထဲသို့ ယုံကြည်ခြင်းနှင့် ကိုယ်တော််ကို ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကြီးမားသောဝမ်းမြောက်ခြင်း ကို ရရှိကြသည်။
3. ခရစ်ယာန်အသက်တာ၏ ပုံမှန်ဖြစ်သောအခြေအနေမှာ ဘုန်းတော်နှင့်ပြည့်ဝသော ဝမ်းမြောက်ခြင်းရှိရန် ဖြစ်သည်။

D. သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ များစွာသောသွင်ပြင်များရှိသည်- သခင်ဘုရား၏မျက်မှောက်တော်ကို ဝမ်းမြောက်ခြင်း (ဆာ၊၁၆း၁၁)၊ ဘုရားဆိုင်ရာ အချစ်ဇာတ်လမ်း၌ အသက်ရှင်ခြင်း၏ ဝမ်းမြောက်ခြင်း (သီ၊၁း၁-၄)၊ ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းကို ဝမ်းမြောက်ခြင်း (၂ကော၊၁၃း၁၄။ ဧ၊၃း၁၄-၂၁)၊ ဘုရားသခင်၏ ကျေနပ်ခြင်းမြစ်ရေကို သောက်သုံးခြင်း၏ဝမ်းမြောက်ခြင်း (ဆာ၊၄၆း၄က။ ၃၆း၈ခ)၊ ဘုရားသခင်၏မေတ္တာတော်ကို သိကျွမ်းခြင်း၏ဝမ်းမြောက်ခြင်း (ဂလ၊၂း၂၀။ ရော၊၈း၃၈-၃၉)၊ ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်း၏ ဝမ်းမြောက်ခြင်း (ဆာ၊၄၀း၈က)၊ တွေ့ကြုံသမျှသောအခြေအနေအားလုံး၌ ရောင့်ရဲမှုရှိခြင်း၏ဝမ်းမြောက်ခြင်း (ဖိ၊၄း၁၁)၊ နိုင်ငံတော်၌ သခင်ဘုရား၏ ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ခြင်း (မ၊၂၅း၃၃) စသည့် သွင်ပြင်များဖြစ်ကြသည်။

E. ခရစ်ယာန်တစ်ဦးသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်သော ပုဂ္ဂိုလ် - ဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းနှင့် ပြည့်ခြင်း ဖြစ်သင့်ပါသည်- ဂလ၊၅း၂၂။
1. ကျွန်ုပ်တို့သည် ကိုယ်တော်၌ ရှိသောအခါ သခင်ဘုရားသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းဖြစ်သည်- ရော၊၁၄း၁၇။
2. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်နေသောအခါ ကျွန်ုပ်တို့တွင် မည်သို့သော ပြဿနာရှိနေပါစေ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်ကာ၊ အခက်အခဲတိုင်းသည် သခင်ဘုရားအား ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကို နက်ရှိုင်းစေပါသည်- ယော၊၁၅း၄။
3. သန့်ရှင်းသောဝိညာဉ်တော်သည် ဝမ်းမြောက်ခြင်း၏ ဝိညာဉ်တော်ဖြစ်သည်- ရော၊၁၄း၁၇။
   a. ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်သောအခါ၊ ယင်းက ကျွန်ုပ်တို့၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်သည် လည်း ဝမ်းမြောက်ခြင်းနှင့်ပြည့်နေကြောင်း ညွှန်ပြသည်- ဂလ၊၅း၂၂။
   b. ကျွန်ုပ်တို့ကို ဝမ်းမြောက်ခြင်းနှင့်ပြည့်စေခြင်းငှာ ပြင်ပ ပတ်ဝန်းကျင်၌ မည်သည့်အရာမျှ မရှိနိုင်ပါ။ သို့သော် ကျွန်ုပ်တို့၌ အသက်ရှင်နေသောသခင်ဘုရားသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းဖြစ်သည် - ကော၊၁း၂၇။

*© 2023 Living Stream Ministry*

Message Three

## အသက်၌ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်၌ ကျွန်ုပ်တို့ ရင့်ကျက်လာသည့်တိုင် ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာ အသက်၏မျိုးစေ့ကြီးထွားခြင်းအတွက် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ဆံဖြေရှင်းခြင်း

ဖတ်ရန်ကျမ်း။ ။ မ၁၅း၈။ ၁၃း၃-၉၊ ၁၈-၂၃။ သု၄း၂၃။ ယေရ၃၂း၃၉။ ဧ၃း၁၆-၁၇

**I. ကျွန်ုပ်တို့သည် အသက်၌ ကျွန်ုပ်တို့ ရင့်ကျက်သည့်တိုင် ကျွန်ုပ်တို့အတွင်း၌ ဘုရားဆိုင်ရာ အသက်၏မျိုးစေ့ ကြီးထွားခြင်းအတွက် သခင်ဘုရား၏မျက်မှောက်တော် အလင်း၌ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ဆံဖြေရှင်းရမည်ဖြစ်သည်။ စိတ်နှလုံးသည် လူ့အတွင်း အစိတ်အပိုင်းများ၏ စုပေါင်းဌာန၊ လူ၏ကိုယ်စားလှယ်အကြီးအကဲ၊ ပြုမူလုပ်ဆောင်သော ကိုယ်စားလှယ်ဖြစ်သည်။**

A. ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကျွန်ုပ်တို့ စိတ်၏ အစိတ်အပိုင်းအားလုံးဖြစ်သော -အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ (မ၉း၄။ ဟေဗြဲ၊ ၄း၁၂။ တ၊၁၁း၂၃။ ယော၊၁၄း၁။ ၁၆း၂၂)- အပေါင်း ကျွန်ုပ်တို့ ဝိညာဉ်၏အစိတ်အပိုင်းတစ်ခု ဖြစ်သော - သြတ္တပ္ပစိတ် (ဟေဗြဲ၊ ၁၀း၂၂။ ၁ယော၊၃း၂၀) တို့ဖြင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။

B. ဝိညာဉ်လေ့ကျင့်ခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံး တက်ကြွလှုပ်ရှားသောအချိန်မှသာ အလုပ်လုပ်သည်။ အကယ်၍ လူ၏စိတ်နှလုံးသည် ဂရုမစိုက်ပါက၊ ဝိညာဉ်သည် အတွင်း၌ ထောင်ချခံရပြီး၊ ၎င်း၏စွမ်းဆောင်ရည်ကို ဖော်ပြရန် မတတ်နိုင်ပါ - မ၁၅း၃၊ ၈။ ဆာ၊၇၈း၈။

C. စိတ်သည် ပုဂ္ဂိုလ်ကိုယ်တိုင်ဖြစ်သော်လည်း၊ စိတ်နှလုံးသည် ပြုမူလုပ်ဆောင်ခြင်း၌ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ စိတ်နှလုံးသည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၏ ပြုမူလုပ်ဆောင်သော ကိုယ်စားလှယ်၊ ပြုမူလုပ်ဆောင်သော ကော်မရှင်နာဖြစ်သည်။

D. ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်၏လှုပ်ရှားသွားလာမှုနှင့် လှုပ်ရှားမှုများသည် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာ စိတ်နှလုံးပေါ်တွင် မူတည်သည်။ ထိုနည်းတူစွာ၊ ကျွန်ုပ်တို့၏နေ့စဉ်အသက်ရှင်နေထိုင်ပုံ၊ ကျွန်ုပ်တို့ လှုပ်ရှားပြုမူပုံတို့သည် ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာ စိတ်နှလုံး၏အမျိုးအစားပေါ်တွင် မူတည်ပါသည်။

E. စိတ်နှလုံးသည် အသက်၏ဝင်ပေါက်နှင့် ထွက်ပေါက်၊ အသက်၏"ခလုတ်" ဖြစ်သည်။ စိတ်နှလုံးသည် မမှန်ကန်ပါက၊ ဝိညာဉ်၌ရှိသော အသက်သည် တားဆီးခံရကာ၊ အသက်၏တရားသည် ကျွန်ုပ်တို့၏ဖြစ်ခြင်း အစိတ်အပိုင်းတိုင်းသို့ ရောက်ရှိရန် အတားအဆီးမဲ့ လွတ်လပ်စွာ မလုပ်ဆောင်နိုင်ပါ။ အသက်၌ ကြီးမားသော တန်ခိုးရှိသော်လည်း၊ ဤကြီးမားသော တန်ခိုးသည် ကျွန်ုပ်တို့၏ သေးငယ်သော စိတ်နှလုံးအားဖြင့် ထိန်းချုပ်ထားသည် - သု၄း၂၃။ မ၁၂း၃၃-၃၇။ ညွှန်း၊ ယေ၈၊ ၃၆း၂၆-၂၇။

**II. ကျွန်ုပ်တို့၏အသက်၌ ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ရှိသော အသက်၏မျိုးစေ့ဖြစ်သော ခရစ်တော်၏ ကြီးထွားခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို တည်ဆောက်သည် (၁ယော၊၃း၉။ ၁ပေ၊၁း၂၃။ ကော၊၂း၁၉။ ဧ၂း၂၁၊ ၄း၁၅-၁၆။ မ၁၃း၁၈-၂၃)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ဆံဖြေရှင်းခြင်းအားဖြင့် သခင်ဘုရားနှင့်အတူ ပူပေါင်းလုပ်ဆောင်ရန် လိုအပ်သည်၊ သို့မှသာ အောက်ဖော်ပြပါလက္ခဏာများဖြင့် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။**

A. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို နူးညံ့စေလိုသည်။

1. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ဆံဖြေရှင်းသောအခါတွင် ကိုယ်တော်သည် အသွေးအသားထဲက ကျောက်စိတ်နှလုံးကို ထုတ်၍ နူးညံ့သောစိတ်နှလုံး၊ အသားစိတ်နှလုံးကို ပေးတော်မူသည် - အင၊၂၆။

2. နူးညံ့သော စိတ်နှလုံးဆိုသည်မှာ ကျွန်ုပ်တို့၏စိတ်နှလုံးသည် လည်ပင်းခိုင်မာပြီး ပုန်ကန်ခြင်းမရှိဘဲ သခင်ဘုရားထံသို့ ဝန်ခံခြင်းနှင့် ပျော့ပျောင်းခြင်းကို ဆိုလိုသည် - ညွှန်း၊ ထွ၊၃၂း၉။

3. နူးညံ့သော စိတ်နှလုံးသည် ခရစ်တော် လွတ်လပ်စွာ ကြီးထွားနိုင်သည့် ကောင်းသောမြေဖြစ်သည်။ ၎င်းသည် လောကဆိုင်ရာ အသွားအလာအားဖြင့် ခက်ထန်မာကျောခြင်းမရှိသော၊ မိမိဘုန်းကို ရှာဖွေခြင်းမရှိသော၊ ခေတ်ကာလဆိုင်ရာ စိုးရိမ်ခြင်းနှင့် စည်းစိမ်ဥစ္စာ၏လှည့်စားမှုမရှိသော စိတ်နှလုံးဖြစ်သည် - မ၁၃း၃-၉၊ ၁၈-၂၃။

4. ဘုရားသခင်သည် ကျွန်ုပ်တို့ကို လှုံ့ဆော်ရန် ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို နူးညံ့စေသည်။ အကယ်၍ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကို မလှုပ်ရှားနိုင်ပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်

နှလုံးကို နူးညံ့ပျော့ပျောင်းစေသည်အထိ ကျွန်ုပ်တို့အား ဆုံးမသွန်သင်ရန် ပတ်ဝန်းကျင်မှတစ်ဆင့် သူ၏လက်တော်ကို အသုံးပြုတော်မူသည် - ၂ကော၊၅း၁၄။ ၄း၁၆-၁၈။ ဟေဗြဲ၊၁၂း၆-၇။ ညွှန်း၊ ယေ၊၄၈း၁၁။

B. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖြူစင်စေလိုသည်။

1. ဖြူစင်သော စိတ်နှလုံးသည် ဘုရားသခင်ကို ချစ်၍ ဘုရားသခင်ကို လိုလားသော စိတ်နှလုံးဖြစ်သည်။ ဘုရားသခင်မှလွဲ၍ အခြားသော ချစ်ခြင်းမေတ္တာ၊ စိတ်ဆန္ဒ သို့မဟုတ် အလိုဆန္ဒ မရှိပါ - မ၊၅း၈။ ဆာ၊၇၃း၂၅။ ညွှန်း၊ ယေ၊၃၂း၃၉။
2. ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်အတွက် တစ်သံတစ်မတ်တည်းဖြစ်သင့်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို မထီမဲ့မြင်ပြုခြင်းနှင့် ကိုယ်တော်၏မျက်မှောက်တော်ကို ဆုံးရှုံးခြင်းမှလွဲ၍ မည်သည့်အရာကိုမျှ မကြောက်ရွံ့နိုင်မည်ဖြစ်သည် - ဆာ၊၈၆း၁၁။ ဟေရှာ၊၁၁း၁-၂။
3. စိတ်နှလုံး၌ ဖြူစင်ရန်မှာ ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားသခင်၏ အလိုတော်ကို ပြီးမြောက်စေရန် တစ်ခုတည်းသော ပန်းတိုင်ရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ပန်းတိုင်သည် ခရစ်တော်ကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အမြတ်ရရှိခြင်းဖြစ်သင့်ပါသည် (ဖိ၊၃း၇-၁၄)။
4. ကျွန်ုပ်တို့သည် "စင်ကြယ်သော စိတ်နှလုံးဖြင့် သခင်ဘုရားကို ခေါ်သောသူတို့နှင့်အတူ" ခရစ်တော်နောက်သို့ လိုက်ပြေးရမည်ဖြစ်သည် - ၂တိ၊၂း၂၂။

C. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ချစ်ခြင်းမေတ္တာရှိစေလိုသည်။

1. ချစ်ခြင်းမေတ္တာရှိသော စိတ်နှလုံးသည် ဘုရားသခင်ကို ချစ်သော၊ ဘုရားသခင်ကို လိုလားသော၊ ဘုရားသခင်ကို ဆာငတ်တောင်းတသော၊ ဘုရားသခင်ကို တမ်းတသော ခံစားမှု၊ သခင်ဘုရားနှင့်အတူ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ ချစ်ခင်နှစ်သက်ခြင်း၊ သီးသန့်ဖြစ်ခြင်းနှင့် ဝိညာဉ်ရေးဆိုင်ရာ ဆက်နွယ်မှုရှိသော စိတ်နှလုံးဖြစ်သည် - ၄၂း၁-၂။ သီ၊၁း၁-၄။
2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို သခင်ဘုရားထံသို့ ထပ်ခါထပ်ခါ လှည့်ပြန်လာကာ အဆက်မပြတ် အသစ်ပြုပြင်ခြင်းရှိရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် သခင်ဘုရားအပေါ် သစ်လွင်လန်းဆန်းသော ချစ်ခြင်းမေတ္တာကို ရှိနိုင်မည်ဖြစ်သည် - ၂ကော၊၃း၁၆။
3. ဝိညာဉ်ရေးဆိုင်ရာ တွေ့ကြုံခံစားချက်များအားလုံးသည် စိတ်နှလုံးထဲ၌ ချစ်ခြင်းမေတ္တာအားဖြင့် အစပြုခြင်းဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် သခင်ဘုရားကို မချစ်ပါက၊ မည်သည့် ဝိညာဉ်ရေးဆိုင်ရာ အတွေ့အကြုံမျိုးကိုမဆို လက်ခံရရှိရန် မဖြစ်နိုင်ပါ - ဧ၊၆း၂၄။ ဗျာ၊၂း၄-၅။
4. သခင်ဘုရားအပေါ် ကျွန်ုပ်တို့၏ချစ်ခြင်းသည် ကိုယ်တော်၏ အခွင့်အာဏာတော်နှင့်အတူ သခင်ဘုရားအတွက် စကားပြောရန် ကျွန်ုပ်တို့အား အရည်အချင်းပြည့်မီစေပြီး စုံလင်စေ၍ တပ်ဆင်ပေးသည် - ယော၊၂၁း၁၅-၁၇။ မ၊၂၆း၆-၁၃။ ၂၈း၁၈-၂၀။

D. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ငြိမ်သက်ခြင်းရှိစေလိုသည်။

1. ငြိမ်သက်ခြင်းရှိသော စိတ်နှလုံးသည် ပြစ်မှားခြင်း၊ စီရင်ခြင်း သို့မဟုတ် အပြစ်တင်ခြင်းကင်းသော သြတ္တပ္ပစိတ်ရှိသော စိတ်နှလုံးဖြစ်သည် - တ၊၂၄း၁၆။ ၁ယော၊၃း၁၉-၂၁။ ဟေဗြဲ၊၁၀း၂၂။
2. ကျွန်ုပ်တို့သည် ဘုရားသခင့်မျက်မှောက်တော်၏အလင်း၌ ကျွန်ုပ်တို့၏အပြစ်များကို ဝန်ခံပါက၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ခွင့်လွှတ်ခြင်းနှင့် ကိုယ်တော်၏သန့်ရှင်းခြင်းကို ခံရကြသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောင်းသော၊ စင်ကြယ်သော သြတ္တပ္ပစိတ်ဖြင့် ဘုရားသခင်နှင့်အတူ အနှောင့်အယှက်ကင်းသော မိတ်သဟာဖွဲ့ခြင်းကို မွေ့လျော်ဝမ်းမြောက်နိုင်ပါသည် - ၁ယော၊၁း၇၊ ၉။ ၁တိ၊၁း၅။ ၃း၉။
3. ဆုတောင်းခြင်း၌ ဘုရားသခင်နှင့်အတူ မိတ်သဟာဖွဲ့ခြင်းကို လေ့ကျင့်လုပ်ဆောင်ခြင်း၏ရလဒ်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ငြိမ်သက်ခြင်းကို မွေ့လျော်ဝမ်းမြောက်ရသည်၊ ယင်းသည် အမှန်တကယ်တွင် ကျွန်ုပ်တို့၏ စိတ်နှလုံးများကို စောင့်ကြပ်ပေး၍၊ ခရစ်တော်၌ရှိသော ကြံစည်ခြင်းများဖြင့် ငြိမ်ဝပ်ခြင်းနှင့် တည်ငြိမ်ခြင်းရှိရန် ကျွန်ုပ်တို့အား စောင့်ထိန်းပေးသည့် ငြိမ်သက်ခြင်းအရှင် ဘုရားသခင်ဖြစ်သည် - ဖိ၊၄း၆-၇။
4. ကျွန်ုပ်တို့သည် လူသစ်ကို ယူတင်ဝတ်ဆင်ရန် အခြားသူများကို ခွင့်လွှတ်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးစေရန် လိုအပ်သည် - ကော၊၃း၁၃-၁၅။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံး၌ ဘုရားသခင်၏အသက်က ရင်ဆိုင်နေရသည့် အတားအဆီးများကို မြင်ရန် လိုအပ်သည်။

A. ကျွန်ုပ်တို့၌ ဘုရားသခင်၏အသက် ရင်ဆိုင်နေရသည့် ပထမပြဿနာမှာ ကျွန်ုပ်တို့၏လူသားအယူအဆများ၏ မှောင်မိုက်ခြင်းကို မသိခြင်းဖြစ်သည် - ၂ကော၊၃း၁၄၊ ၄း၄။

1. ခရစ်ယာန်အသက်တာ၌ အရေးကြီးသောအရာမှာ ကျွန်ုပ်တို့အထဲ၌ အသက်ရှင်တော်မူသော ခရစ်တော်ကို မည်ကဲ့သို့ ဂရုစိုက်ရမည့်အကြောင်း မြင်ရန် လိုအပ်သည် - ဂလ၊၁း၁၆၊ ၂း၂၀၊ ၄း၁၉။ ဖိ၊၁း၁၉-၂၁။ ၂ကော၊၃း၁၈။

2. ခရစ်ယာန်တစ်ဦးဖြစ်ခြင်းဟူသည်မှာ ကျွန်ုပ်တို့၏ရည်ရွယ်ချက်အဖြစ် ခရစ်တော်ထက် အခြားမည်သည့်အရာကိုမျှ မယူဆောင်ခြင်းကို ဆိုလိုသည်။ များစွာသော လူတို့သည် သူတို့ကယ်တင်ခြင်းခံရပြီးနောက် အသက်၏လမ်းကြောင်းကို မသိခြင်းနှင့် ခရစ်တော်ကို သူတို့၏ အသက်အဖြစ် မယူဆောင်သောကြောင့် သူတို့၏ဝိညာဉ်ရေးဆိုင်အသက်တာ၌ အခက်အခဲများရှိကြသည် - ရော၊၈း၆။

B. ကျွန်ုပ်တို့၌ အသက် ရင်ဆိုင်နေရသည့် ဒုတိယပြဿနာမှာ လျှို့ဝှက်ခြင်းဖြစ်သည် - မ၊၆း၂၊ ၅၊ ၇း၅၊ ၂၃း၁၃-၂၉။

1. လူတစ်ဦး၏ဝိညာဉ်ရေးရာသည် အပြင်ပန်းသဏ္ဍာန်အားဖြင့် မဆုံးဖြတ်ဘဲ၊ သူသည် ကိန်းဝပ်တော်မူသော ခရစ်တော်ကို မည်ကဲ့သို့ ဂရုစိုက်ခြင်းအားဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။

2. ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ကောင်းမြတ်ခြင်းသည် မှားယွင်းသော ဝိညာဉ်ရေးရာဖြစ်ပြီး၊ အမှန်တကယ်တွင် အသက် အတွက် ကြီးမားသော အတားအဆီးတစ်ခုဖြစ်သည်။ အသက်၏ထင်ရှားခြင်းတွင် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ပင်ကိုယ်စိတ်နှင့် ကြိုက်နှစ်သက်မှုကို ငြင်းပယ်ပြီး၊ ကျွန်ုပ်တို့အထဲ၌ ပြုပြင်လုပ်ဆောင်စေရန်နှင့် ကျွန်ုပ်တို့အား ချိုးဖဲ့စေရန် ခရစ်တော်အား ရိုးရိုးလေးအခွင့်ပေးခြင်းတို့ ပါဝင်သည်။

3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပင်ကိုယ်စိတ်နှင့် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းအတိုင်း အရာများတို့ကို အမြဲလုပ်ဆောင်ပါက၊ ထွက်ပေါ်လာသောအရာမှာ အမြဲပင် လျှို့ဝှက်ခြင်းဖြစ်သည်။

C. ကျွန်ုပ်တို့၌ အသက် ရင်ဆိုင်နေရသည့် တတိယပြဿနာမှာ ပုန်ကန်ခြင်းဖြစ်သည် - ၂ကော၊၁၀း၄-၅။

1. ခရစ်တော်သည် ကျွန်ုပ်တို့အတွက် သူ၏အလိုတော်နှင့် တောင်းဆိုချက်များအကြောင်း၊ ကျွန်ုပ်တို့တို့ ကိုယ်တော်၏ ဦးဆောင်တော်မူခြင်းနှင့် ဆက်ဆံဖြေရှင်းခြင်းအကြောင်းကို ရှင်းလင်းစေရန်အတွက် ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်၍ လှုပ်ရှားနေသည်။

2. မည်သို့ပင်ဆိုစေ၊ ကျွန်ုပ်တို့သည် နာမခံဘဲ အတွင်းခံစားချက်ကို ဆန့်ကျင်ခြင်း၊ ကိုယ်တော်၏ဦးဆောင်ခြင်း သို့မဟုတ် အဖိုးအခပေးခြင်းကို လက်မခံပါက၊ ဤမလိုလားခြင်းနှင့် ဆန့်ကျင်ခြင်းသည် ပုန်ကန်ခြင်းဖြစ်သည်။

3. ကျွန်ုပ်တို့သည် မကြာခဏနှင့် အပြင်းထန်ဆုံး ကျူးလွန်မိသော အပြစ်သည် အပြင်ပိုင်းနှင့် မြင်ရသော အပြစ်မဟုတ်ပါ။ ထိုအစား၊ ၎င်းမှာ ကျွန်ုပ်တို့၌ရှိသော ခရစ်တော်၏အာရုံခံစားမှုကို မနာခံခြင်း၏အပြစ်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်တော်မူပြီး ကိုယ်တော်သည် အသက်၏အတွင်းပိုင်း အာရုံခံစားမှုကို အဆက်မပြတ် ပေးနေပါသည် - ရော၊၈း၆။ ၁ယော၊၂း၂၇။ အညွှန်း၊ ၉း၁၃း၁၊ ၄း၁၊ ၆း၂၀။ ၂ကော၊၂း၁၂-၁၄။

D. ကျွန်ုပ်တို့၌ အသက် ရင်ဆိုင်ရသော စတုတ္ထပြဿနာမှာ ကျွန်ုပ်တို့၏ဇာတိစွမ်းဆောင်ရည်ဖြစ်သည်။

1. များစွာသော ညီအစ်ကိုများနှင့် ညီအစ်မများတို့သည် သခင်ဘုရားကို အမှန်ပင် ချစ်မြတ်နိုးကြပြီး၊ သခင်ဘုရားအတွက် စိတ်အားထက်သန်ကြကာ၊ အလွန်ပင် ဘုရားဝတ်၌ မွေ့လျော်ကြသည်။ မည်သို့ပင်ဆိုစေကာမူ၊ သူတို့၏အကြီးမားဆုံး သောပြဿနာမှာ သူတို့၏လုပ်နိုင်စွမ်းနှင့် တတ်နိုင်စွမ်းတို့၏ခွန်အားနှင့် ကြီးမားမှုဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် သူတို့၌ အခြေပြုနေရာနှင့် နည်းလမ်းမရှိပါ။

2. ကျွန်ုပ်တို့သည် အရည်အချင်းရှိပြီး ပင်ကိုယ်စွမ်းရည်ရှိသော်လည်း၊ ဤအရာများကို အပြစ် သို့မဟုတ် ညစ်ညမ်းမှုအဖြစ် မမှတ်ယူကြပါ။ ကျွန်ုပ်တို့၏ဇာတိစွမ်းရည်များကို စက်ဆုပ်ရွံရှာမည့်အစား၊ ၎င်းတို့ကို တန်ဖိုးထားကြသည်။ အကယ်၍ ၎င်းတို့သည် ကျွန်ုပ်တို့အထဲ၌ ကျိုးပဲ့ကြေမွခြင်းမရှိဘဲ ကျန်ရှိနေမည်ဆိုပါက၊ ခရစ်တော်၏အသက်အား ပြဿနာဖြစ်လာလိမ့်မည်ဖြစ်သည်။

E. ခရစ်တော်၏အသက်သည် ကျွန်ုပ်တို့၌ အတားအဆီးမဲ့ဖြစ်စေလိုပါက၊ ကျွန်ုပ်တို့သည် ကားတိုင်၏ချိုးဖဲ့ခြင်းကို တွေ့ကြုံခံစားပြီး ဤအတားအဆီးများကို ဆက်ဆံဖြေရှင်းရန်နှင့် ဖယ်ရှားရန် အခွင့်ပေးရမည်ဖြစ်သည် - မ၊၁၆း၂၄-၂၅။

**IV. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံး၌ ဘုရားသခင့်အသက်အားဖြင့် ရင်ဆိုင်နေရသည့် အတွင်းပိုင်းကျသော အတားအဆီးများကို မြင်ရန် လိုအပ်သည်။**

A. ပထမ အတွင်းပိုင်းကျသော ပြဿနာမှာ ကျွန်ုပ်တို့ အသိဉာဏ်၏ပြဿနာဖြစ်သည်။

1. ကျွန်ုပ်တို့ လုပ်လိုသောအရာများသည် ကျွန်ုပ်တို့၏ စဉ်းစားခြင်းများမှ အစပြုပါက၊ ထိုအရာများသည် အောင်မြင်သော်လည်း ဘာသာရေး လှုပ်ရှားမှုထက် မပိုပါ။ ၎င်းတို့သည် ကျွန်ုပ်တို့၏ဝိညာဉ်မှ ရှင်ထွက်သော ခရစ်တော်၏သက်သေခံချက် မဟုတ်ပါ - ဧွန်း၊ ဖိ၊၂း၅။ ၁ကော၊၂း၁၆။ ဧ၊၄း၂၃။ ရော၊၁၂း၂။

2. ကျွန်ုပ်တို့၌ ခရစ်တော်၏အသက်ရှိသော်လည်း၊ ကျွန်ုပ်တို့၏စဉ်းစားခြင်းများနှင့် လုပ်ဆောင်ချက်များတွင် ခရစ်တော်၏ အသက်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းမရှိပါ၊ ထို့ကြောင့် ဤအသက်သည် ကျွန်ုပ်တို့ထံမှ မရှင်ထွက်နိုင်ပါ။

3. ကျွန်ုပ်တို့၏အသိဉာဏ်သည် ဝိညာဉ်အပေါ်ထားရှိပါက၊ ကျွန်ုပ်တို့၏အပြင်ပိုင်း လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အတွင်းလူနှင့် သဘောတူညီပြီး၊ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြား ကွဲလွဲမှုမရှိပါ။ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် ရန်ငြိုးမရှိဘဲ ငြိမ်သက်ခြင်းရှိသည်။ ရလဒ်မှာ ကျွန်ုပ်တို့သည် အတွင်း၌ ငြိမ်သက်ခြင်း ခံစားရသည် - ရ၊၈း၆။

B. ဒုတိယ အတွင်းပိုင်းကျသော ပြဿနာမှာ ကျွန်ုပ်တို့ အလိုဆန္ဒ၏ပြဿနာဖြစ်သည်။

1. ကျွန်ုပ်တို့၏အသိဉာဏ်သည် ကျွန်ုပ်တို့ ဝိညာဉ်၏ရည်ရွယ်ချက်ကို မကြာခဏ နားလည်ပြီး၊ ဘုရားသခင်၏အလိုတော်ကို သိသော်လည်း၊ ကျွန်ုပ်တို့သည် ဝန်ခံရန်နှင့် နာခံရန် အလိုမရှိကြပါ။

2. ကျွန်ုပ်တို့သည် တစ်စုံတစ်ခုလုပ်ဆောင်ရန် သခင်ဘုရားအလိုရှိတော်မူကြောင်း နားလည်ခြင်း၊ သိရှိခြင်း၊ သဘောပေါက်ခြင်းနှင့် နက်နက်ရှိုင်းရှိုင်း ခံစားသိရှိနိုင်သော်လည်း၊ ကျွန်ုပ်တို့၏အလိုဆန္ဒသည် နာခံရန်နှင့် အရှုံးပေးရန် ငြင်းဆန်ပြီး၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏မျက်မှောက်တော်ကို ဆုံးရှုံးကြသည်။

3. သခင်ဘုရား၏အလိုတော်ကို သယ်ဆောင်ရန် သန်စွမ်းသောအလိုဆန္ဒနှင့် အားနည်းသောအလိုဆန္ဒ နှစ်ခုလုံးသည် ဘုရားသခင်၏အသက်အတွက် အနှောင့်အယှက်အတားအဆီးဖြစ်သည်။ ဆက်ဆံဖြေရှင်းခြင်းခံပြီးသော အလိုဆန္ဒသည် ဖိနှိပ်ခြင်း ခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် သန်စွမ်းခြင်းနှင့် ပျော့ပျောင်းခြင်းနှစ်ခုလုံးရှိသည်။ ဘုရားသခင်နှင့်အတူ ပူပေါင်းလုပ်ဆောင်ခြင်းသည် ကြီးမားသော အကြောင်းအရာဖြစ်သည် - ဖိ၊၂း၁၃။

C. တတိယ အတွင်းပိုင်းကျသော ပြဿနာမှာ ကျွန်ုပ်တို့ ခံစားမှု၏ပြဿနာဖြစ်သည်။

1. ကျွန်ုပ်တို့၏ခံစားမှုသည် ဘုရားသခင်၏ခံစားမှုရှိရန် လိုအပ်သည်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ခံစားမှုအထဲသို့ အပြည့်အဝ ဝင်ရောက်သွားရန် လိုအပ်သည် - ၂သက်၊၃း၅။ ဖိ၊၁း၈။

2. ကျွန်ုပ်တို့သည် ဘုရားသခင်ချစ်သောအရာကို ချစ်ခြင်း၊ ဘုရားသခင် နှစ်သက်သည့်အရာကို နှစ်သက်ခြင်းနှင့် ဘုရားသခင် မုန်းသောအရာကို မုန်းသင့်ပါသည်။ ကျွန်ုပ်တို့၏ခံစားမှုနှင့် ကိုယ်တော်၏ခံစားမှုသည် ခံစားမှုတစ်ခုတည်း ဖြစ်လာသင့်ပါသည် - ဧ၊၅း၂၅။ ၂ကော၊၁၂း၁၅။ ၁ကော၊၁၆း၂၄။ ဗျာ၊၂း၆။ ဖိ၊၁း၈။

D. ကျွန်ုပ်တို့သည် အတွင်းလူအထဲသို့ ခွန်အားနှင့် ခိုင်ခံ့မြဲမြံစေရန် နေ့စဉ်လိုအပ်သည်၊ သို့မှသာ အသက်ဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့ စိတ်နှလုံး၏အဓိက အစိတ်အပိုင်းများ၌ သူ၏အိမ်တော်ကို ဆောက်လုပ်နိုင်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။

**V. ဤခေတ်ကာလ၌ ဘုရားသခင်၏ အဓိကလုပ်ဆောင်မှုမှာ လူသည် ကိုယ်တော်၏အသက်ကို ရရှိပြီး ကိုယ်တော်၏ အသက်၌ ကြီးထွားရင့်ကျက်လာစေရန်ဖြစ်ကြောင်းကို မြင်စေရန် ကျွန်ုပ်တို့အပေါ် ကရုဏာသက်ရောက်၍ ကျွန်ုပ်တို့၏မျက်စိများ ဖွင့်ပေးပါစေ။ ကျွန်ုပ်တို့၏အလုပ်သည် အခြားသူများထံ သခင်ဘုရား၏အသက်ကို ထည့်သွင်းပေးခြင်းနှင့် မစပေးခြင်းဖြစ်သင့်ပါသည်။ ကိုယ်တော်၏အသက်မှ ထွက်လာသော အလုပ်သာလျှင် ကိုယ်တော်၏ထာဝရ စံနှုန်းသို့ ရောက်ရှိနိုင်ပြီး ကိုယ်တော်အားဖြင့် လက်ခံရရှိခြင်းခံရမည်ဖြစ်သည် - ယော၊၇း၃၇-၃၉က။ ၂ကော၊၄း၁၀ -၁၂။ ၁ယော၊၅း၁၆က။ ၂ကော၊၃း၃၊ ၆။**

*© 2023 Living Stream Ministry*

Message Four

## အရာအားလုံးပါဝင်သောခရစ်တော်ကို သိကျွမ်းခြင်းနှင့် ဘုရားသခင်၏ကြီးထွားခြင်းနှင့်အညီ ကြီးထွားခြင်း

ဖတ်ရန်ကျမ်း။ ။ ကော၊၁း၁၈၊ ၂၇-၂၈။ ၂း၂-၃။ ၃း၁-၄

## I. ကောလောသဲတွင် ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ခရစ်တော်ကို သိရှိပြီး တွေ့ကြုံခံစားနိုင်ခြင်းမှာ ကောင်းချီးမင်္ဂလာတစ်ခုဖြစ်သည်။

A. ခရစ်တော်သည် "ကိုယ်တော်သည် အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော်၏ဦးခေါင်းဖြစ်တော်မူ၏။ ကိုယ်တော် ကိုယ်တိုင်သည် အရာရာ၌ ပထမနေရာရှိစေခြင်းငှာ၊..."-၁း၁၈။

1. ဖန်ဆင်းခြင်းအဟောင်းနှင့် ဖန်ဆင်းခြင်းအသစ်နှစ်ခုစလုံးတွင် ခရစ်တော်သည် ပထမဆုံးဖြစ်ပြီး၊ ပထမနေရာကို သိမ်းပိုက်ထားသည်။
2. စကြဝဠာ၌သာမက အသင်းတော်၌ပါ ခရစ်တော်သည် အထူးမြတ်ဆုံးသောအရှင် ဖြစ်တော်မူသည်။

B. "ခရစ်တော်သည် ဘုန်းမျှော်လင့်ခြင်းတည်းဟူသော သင်တို့၌တည်တော်မူသော ခရစ်တော်ပေတည်း" -အငယ်၊ ၂၇။

1. ကျွန်ုပ်တို့၏ အသက်နှင့် ပုဂ္ဂိုလ်ဖြစ်ရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်တော်မူသောအရှင် ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုန်းမျှော်လင့်ခြင်းဖြစ်တော်မူသည်။
2. ကိုယ်တော် ကြွလာသောအခါ၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့်အတူ ဘုန်းထင်ရှားလိမ့်မည် ဖြစ်သည်။
3. ဤသည်မှာ ကိန်းဝပ်တော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ပျော်ဝင်ပြည့်ဝစေမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ သို့မှသာ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာခန္ဓာသည် ကိုယ်တော်၏ ဘုန်းတော်ကိုယ်ခန္ဓာသို့ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းနှင့် သဏ္ဍာန်တူညီခြင်းရှိနိုင်မည်ဖြစ်သည်။

C. ကောလေသဲ၌ ခရစ်တော်နှင့် ပတ်သက်သော ကျွန်ုပ်တို့၏အတွေ့အကြုံကို ညွှန်ပြသော အရေးကြီးသော စကားစုများစွာရှိ သည်။

1. "သင်တို့၌တည်တော်မူသော ခရစ်တော်" - အငယ်၊ ၂၇။
2. "ခရစ်တော်၌ ပြည့်ဝသောကြီးရင့်ခြင်း" - အငယ်၊ ၂၈။
3. "ကိုယ်တော်၌ လျှောက်လှမ်းလျက်" -၂း၆။
4. "ခရစ်တော် အတိုင်း" - အငယ်၊ ၈။
5. "ကိုယ်တော်နှင့်အတူ အသက်ရှင်စေ၍" - အငယ်၊ ၁၃။
6. "ခရစ်တော်နှင့်အတူ အသေခံသည်မှန်လျှင်" - အငယ်၊ ၂၀။
7. "ဦးခေါင်းတော်ကို ကိုင်စွဲခြင်း" - အငယ်၊ ၁၉။
8. "ဦးခေါင်းတော်မှ" -အငယ်၊ ၁၉။
9. "ဘုရားသခင်၏ကြီးထွားခြင်းနှင့်အညီ ကြီးထွားခြင်း" - အငယ်၊ ၁၉။
10. ဤအသုံးအနှုန်းများသည် ခရစ်တော်ကို သင့်လျော်သော တွေ့ကြုံခံစားခြင်း၏ ပြီးပြည့်စုံသော ပုံကားချပ်ကို ကျွန်ုပ်တို့အား ပေးထားသည်။
11. "ဘုရားသခင်၏နက်နဲခြင်း၊ ခရစ်တော်၊ ထိုသခင်၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိ၏" -အငယ်၊ ၂-၃။
    a. ကောလောသဲသည် ဦးခေါင်းတော် ခရစ်တော်တည်းဟူသော ဘုရားသခင်၏နက်နဲခြင်းကို အလေးထားသည်။
    b. စစ်မှန်သော ဉာဏ်ပညာဘဏ္ဍာနှင့် ပညာဘဏ္ဍာရှိသမျှတို့ကို ခရစ်တော်၌ ဝှက်ထားလျက်ရှိသည် -အငယ်၊ ၃။
    c. ဤသည်မှာ ခရစ်တော်နှင့် အသင်းတော်နှင့်စပ်လျဉ်းသော ဘုရားဆိုင်ရာ စီမံကိန်း၏ ဝိညာဉ်ရေးဆိုင်ရာပညာဘဏ္ဍာနှင့် ဉာဏ်ဘဏ္ဍာတို့ဖြစ်သည်။
    d. ဉာဏ်ပညာသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်ဆက်နွယ်ပြီး၊ ပညာသည် ကျွန်ုပ်တို့၏ အသိဉာဏ်နှင့် ဆက်နွယ်သည် - ဧ၊ ၁း၈၊ ၁၇။

12. "အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။"
   a. ခရစ်တော်၌ ကိန်းဝပ်တော်မူသည့်အရာသည် ဇာတိအဖြစ်တော်၏ ကြွယ်ဝခြင်းများသာမက၊ ဘုရားသခင်ဖြစ်တော်မူသည့် ကြွယ်ဝခြင်းများကို ထင်ရှားဖော်ပြခြင်းဖြစ်သည်။
   b. သခင်ဘုရား၏ဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် လူသားကိုယ်ခန္ဓာရှိသူတစ်ဦးအဖြစ် ခရစ်တော်၌ ကိန်းဝပ်တော်မူသည်။

D. "အထက်ဆိုခဲ့ပြီးသည့်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏ လက်ယာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကိုသာ ရှာကြလော့" -ကော၂း၉-၁၀။
   1. အငယ်၊ ၁ မှ ၄ အထိ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် အနေအထားတစ်ခု၊ အသက်တစ်ခု၊ အသက်ရှင်ခြင်းတစ်ခု၊ လမ်းဆုံးပန်းတိုင်တစ်ခုနှင့် ဘုန်းတော်တစ်ခုသာရှိသည်ကို ဆိုလိုသည်။
   2. ကောင်းကင်များ၌ရှိတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ အဝန်အဝိုင်း ဖြစ်သင့်ပါသည်။ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် ဘုရားသခင်၌ အသက်ရှင်သင့်သည်။

**II. "အကြောင်းမူကား၊ ထိုသူတို့သည် ဦးခေါင်းတော်ကို ကိုင်စွဲခြင်းမပြုကြ။ ဦးခေါင်းတော်မှ ခန္ဓာတော်တစ်ကိုယ်လုံးသည် အဆစ်အပိုင်းအမျှင်များအားဖြင့် ကြွယ်ဝစွာ အားဖြည့်ထုံးဖွဲ့လျက်၊ ဘုရားသခင်၏ကြီးထွားခြင်းနှင့်အညီ ကြီးထွားတတ်၏" - ၂း၁၉။**

A. ကြီးထွားရန်မှာ ကျွန်ုပ်တို့အထဲ၌ ခရစ်တော်ကို ပေါင်းထည့်ခြင်း ဖြစ်သည် - ၁ကော၊၃း၆-၇။ ဂလ၊ ၄း၁၉။

B. ကိုယ်ခန္ဓာတော်၏ ကြီးထွားမှုသည် ဦးခေါင်းတော်တည်းဟူသော ခရစ်တော်မှ ထွက်လာသည့်အရာအပေါ်တွင် မူတည်သည် - ဧ၊ ၄း၁၅-၁၆။
   1. ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ကို ကိုင်စွဲထားခြင်းဖြင့် ထောက်ပံ့ပေးခြင်းခံရသောအခါ ကိုယ်ခန္ဓာသည် ဘုရားသခင်၏ ကြီးထွားခြင်းနှင့်အတူ ကြီးထွားသည် - ကော၊၂း၁၉။
   2. ကိုယ်ခန္ဓာသည် ဦးခေါင်းတော်မှ ကြီးထွားခြင်းဖြစ်သည်၊ အကြောင်းမှာ ထောက်ပံ့မှုအားလုံးသည် ဦးခေါင်းတော်မှ လာသောကြောင့် ဖြစ်သည် - ဧ၊၄း၁၅။

C. ကိုယ်ခန္ဓာတော်၏ကြီးထွားမှုသည် ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ကြီးထွားခြင်း၊ ဘုရားသခင်ကို ထပ်လောင်းပေါင်းထည့်ပေးခြင်း၊ ဘုရားသခင် တိုးပွားလာခြင်းအပေါ်တွင် မူတည်ပါသည် - ကော၊၂း၁၉။
   1. ဘုရားသခင်သည် အတွင်းကျသောနည်းလမ်း၌ ကျွန်ုပ်တို့အား သူကိုယ်တော်တိုင်ကို ပေးခြင်းအားဖြင့် ကြီးထွားမှုကို ပေးတော်မူသည်။
   2. ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပို၍ပေါင်းထည့်ခြင်းရှိလေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကြီးထွားခြင်း ပေးလေလေဖြစ်သည်။ ဤသည်မှာ ဘုရားသခင် ကြီးထွားစေသောနည်းလမ်းဖြစ်သည် - ၁ကော၊ ၃း၆-၇။
   3. ဘုရားသခင်သာလျှင် ကြီးထွားမှုကို ပေးစွမ်းနိုင်သည်။ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့အား သူကိုယ်တော်တိုင်ကို ပေးစွမ်းနိုင်ပြီး၊ ကိုယ်တော်မပါလျှင် ကျွန်ုပ်တို့သည် ကြီးထွားခြင်း မရှိနိုင်ပါ - အငယ်၊ ၆-၇။
      a. ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ထပ်လောင်းပေါင်းထည့်ပေးခြင်းသည် ကိုယ်တော်ပေးသော ကြီးထွားမှုဖြစ်သည်။
      b. ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးထွားစေခြင်းဆိုသည်မှာ အမှန်တွင် ကိုယ်တော်သည် ကျွန်ုပ်တို့အား သူကိုယ်တော်တိုင်ကို ပေးခြင်းဖြစ်သည် -ရော၊ ၈း၁၁။

D. ကိုယ်ခန္ဓာတော်၏ကြီးထွားမှုသည် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း ဖြစ်သည် - ဧ၊ ၄း၁၆။ ကော၊၂း၁၉။
   1. ဧဖက်၊ ၄း၁၂-၁၆ သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ နက်နဲသောအရာကို ပြသသောကြောင့် ဓမ္မသစ်တွင် အထူးနေရာယူထားခြင်းဖြစ်သည်။
   2. ခရစ်တော်၏ကိုယ်ခန္ဓာတော် ကြီးထွားမှုသည် အသင်းတော်၌ ခရစ်တော်၏တိုးပွားမှုဖြစ်ပြီး၊ ကိုယ်ခန္ဓာတော် ကိုယ်တိုင်သည် ခန္ဓာတော်တည်ဆောက်ခြင်းကို ဖြစ်စေသည် - ၃း၁၇က။

a. ခရစ်တော်သည် သန့်ရှင်းသူများအထဲသို့ ဝင်ရောက်ကာ သူတို့အတွင်း၌ အသက်ရှင်သောအခါ သန့်ရှင်းသူများအတွင်းရှိ ခရစ်တော်သည် အသင်းတော်ဖြစ်လာသည် - ကော၊၃း၁၀-၁၁။

b. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့အတွင်းမှ ခရစ်တော်၏ ကြီးထွားခြင်းအားဖြင့် ကြီးထွားကာ၊ ဤနည်းလမ်းဖြင့် တည်ဆောက်နေသည် - ၁း၁၈။ ၂း၁၉။

3. ကိုယ်ခန္ဓာတော်သည် မိမိကိုယ်ကို တည်ဆောက်ခံသည့် ချစ်ခြင်းမေတ္တာမှာ ကျွန်ုပ်တို့ကိုယ်ပိုင် ချစ်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြစ်ကာ၊ ယင်းသည် ကျွန်ုပ်တို့၌ ခရစ်တော်၏ ချစ်ခြင်းဖြစ်လာကာ၊ ယင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်ချင်းများကိုလည်းကောင်း ချစ်ကြသည် - ၁ယော၊ ၄း၇-၈၊ ၁၁၊ ၁၆၊ ၁၉။ ရော၊၅း၅။ ၈း၃၉။

a. ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ အတွင်းပိုင်း ဒြပ်ကိုယ်ထည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အတွင်းပိုင်းဒြပ်ကိုယ်ထည်အထဲသို့ ဝင်ရောက်ကြသောအခါ၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာအဖြစ် မွေ့လျော်ဝမ်းမြောက်ကြပြီး၊ ဘုရားဆိုင်ရာမေတ္တာ၏ ချိုမြိန်ခြင်း၌ ကိုယ်တော်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်ကြကာ၊ ထိုသို့ဖြင့် ခရစ်တော်ပြသည့်နည်းတူ အခြားသူများကို ချစ်ကြသည် - ဧ၊၅း၂၅။

b. ထိုသို့သော ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့သည် သမ္မာတရားကို ကိုင်စွဲကြကာ၊ ယင်းမှာ ခရစ်တော်နှင့် ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ကို ကိုင်စွဲကြခြင်းရှိပြီး၊ သွန်သင်ခြင်းလေတိုက်ခြင်းအားဖြင့် လှွမ်းမိုးခြင်းမှလည်းကောင်း၊ ကိုယ်ခန္ဓာတော်သို့ ခြားနားသော ဒြပ်သဘာဝများကို ယူဆောင်လာခြင်းမှလည်းကောင်း စောင့်ထိန်းခံရသည် - ၄း၁၄-၁၅။

© 2023 Living Stream Ministry

Message Five

## ယောသပ်၏အသက်တာ၌ တွေ့မြင်ရသော ရင့်ကျက်သောအသက်တာ၏ စိုးစံသောပုံပန်းသဏ္ဌာန်

ဖတ်ရန်ကျမ်း။ ။ က၊ ၄၁း၃၉-၄၄၊ ၅၁-၅၂။ ၄၅း၅-၈။ ၄၇း၁၄-၂၃။ ၅၀း၁၅-၂၁

I. **ဝိညာဉ်ပိုင်းဆိုင်ရာအတွေ့အကြုံအရ၊ ယာကုပ်နှင့် ယောသပ်သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ယောသပ်သည် ယာကုပ်၏ ရင့်ကျက်သော သဘောသဘာဝရှိ ခရစ်တော်၏စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်သည့်၊ ရင့်ကျက်သော အစ္စရေး၏ စိုးစံသော ပုံပန်းသဏ္ဌာန်ကို ကိုယ်စားပြုသည်။ ခရစ်တော်နှင့်စေ့စပ်ထုံးဖွဲ့ထားသည့် ရင့်ကျက်သောသန့်ရှင်းသူတစ်ဦးအဖြစ်၊ ပြည့်စုံသောသူတစ်ဦးဖြစ်သည့် ယာကုပ်သည် ယောသပ်မှတဆင့် အုပ်စိုးခဲ့သည်-က၊၄၁း၃၉-၄၄။ ဟေဗြဲ၊ ၆း၁က။ ဂလ၊ ၆း၈။ ၅း၂၂-၂၃။**
   A. ယောသပ်အားဖြင့် ပုံဆောင်ထားသည့် စိုးစံသောပုံပန်းသဏ္ဌာန်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းပင် ဖြစ်သည်-၄း၁၉။
   B. "အိပ်မက်ဆရာ" (က၊ ၃၇း၁၉) ယောသပ်သည် ဘုရားသခင်၏အမြင်အတိုင်း ကိုယ်တော်၏လူများသည် အသက်နှင့် ပြည့်ဝနေသော ကောက်လှိုင်းစည်းများနှင့် အလင်းနှင့်ပြည့်ဝနေသော ကောင်းကင်ဆိုင်ရာအစုအဖွဲ့များ ဖြစ်ကြကြောင်းကို မြင်မက်ခဲ့သည် (အငယ်၊ ၅-၁၁)။ ဘုရားသခင်ထံမှ လာသော ယောသပ်၏အိပ်မက်နှစ်ခုလုံးသည် (အငယ်၊ ၇၊ ၉) မြေကြီးပေါ်ရှိ ဘုရားလူများ၏ သဘောသဘာဝ၊ အနေအထား၊ လှုပ်ရှားလုပ်ဆောင်မှု၊ ပန်းတိုင်တို့နှင့် စပ်လျှင်းသည့် ဘုရားသခင်၏ ဘုရားဆိုင်ရာအမြင်ကို သူ့အား ဖွင့်ပြခြင်းဖြစ်သည်။
      1. ကျွန်ုပ်တို့သည် အချိန်ကို ဖြတ်ကျော် မြင်ရန်နှင့် အသက်နှင့်ပြည့်ဝနေသော ကောက်လှိုင်းစည်းများနှင့် အလင်းနှင့်ပြည့်ဝနေသော ကြယ်များမှလွဲ၍ ဘာမျှမရှိရာနေရာ ဖြစ်သည့် ယေရုရှလင်မြို့သစ်ကို မြင်ရန် "ဘုရားဆိုင်ရာမှန်ပြောင်း"ကို အသုံးပြုဖို့ လိုအပ်ပါသည်။ ရင့်ကျက်သောအသက်တာ၏ စိုးစံသောပုံပန်းသဏ္ဌာန်သည် သန့်ရှင်းသူများ သို့မဟုတ် အသင်းတော်နှင့် စပ်လျဉ်း၍ အနုတ်လက္ခဏာဆိုင်ရာဖြင့် ဘယ်သောအခါမျှ မပြောဆိုပေ-ဉ္စန်း၊ ၃၈း၂၇-၃၀။ မ၊ ၇း၁-၅။ ၁ပေ၊ ၃း၈-၉။
      2. ယောသပ်၏အိမ်မက်သည် သူ၏အသက်တာကို ထိန်းချုပ်၍၊ သူ၏အပြုအမူကို လမ်းညွှန်ပေးသည်။ သူသည် အလွန်ပင် ထူးကဲစွာနှင့် အံ့သြဖွယ် ပြုမူခဲ့သည်၊ အကြောင်းမှာ သူသည် သူ၏အိမ်မက်ထဲ၌ မြင်ခဲ့သော ရူပါရုံအားဖြင့် လမ်းညွှန်ပေးခြင်း ခံခဲ့ရသောကြောင့်တည်း (ညွှန်း၊ တ၊၂၆း၁၉)။ ယောသပ်၏အစ်ကိုများသည် ဒေါသကို အခွင့်ပေး၍ (က၊ ၃၇း၁၈-၃၀)၊ သူတို့၏တပ်မက်မှုများ၌ လွန်ကျူးခဲ့ကြသော်လည်း (၃၈း၁၅-၁၈) ယောသပ်သည် သူ၏ဒေါသကို ချိုးနှိမ်ကာ၊ တပ်မက်မှုကို အောင်နိုင်ခဲ့ပြီး(၃၉း၇-၂၃)၊ အသက်နှင့် ပြည့်ဝနေသည့် ကောက်လှိုင်းစည်းကဲ့သို့ ပြုမူ၍၊ မှောင်မိုက်၌ ထွန်းလင်းနေသော ကောင်းကင်ဆိုင်ရာကြယ်ကဲ့သို့ ပြုမူခဲ့သည်။
   C. ကောင်းကင်ဆိုင်ရာရူပါရုံအောက်၌ရှိသော ယောသပ်၏ အသက်တာသည် မဿဲ၊၅-၇ တို့၌ ဖော်ပြထားသော ကောင်းကင်များ၏ နိုင်ငံတော် အသက်တာ ဖြစ်သည်။ ထိုသို့သော အသက်တာကို အသက်ရှင်ခြင်းဖြင့် သူသည် ဘုရင်အဖြစ် စိုးစံရန် ပြည့်ဝစွာ ပြင်ဆင်ခြင်း ခံခဲ့ရသည်။ မဿဲစာစောင်ရှိ ဤအခန်းကြီးများတွင် ဖွင့်ပြထားသော ကောင်းကင်ဆိုင်ရာနိုင်ငံတော်၏ ဖွဲ့စည်းပုံအရ၊ ကျွန်ုပ်တို့၏ဒေါသသည် ချိုးနှိမ်ခြင်းခံရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏တပ်မက်မှုသည် အောင်နိုင်ခြင်းခံရမည် ဖြစ်သည် (၅း၂၁-၃၂)။
   D. ရင့်ကျက်သောအသက်တာ၏ စိုးစံခြင်းပုံပန်းသဏ္ဌာန်သည် သခင်ဘုရား၏ မျက်မှောက်တော်ကို အစဉ်အမြဲ မွေ့လျော်ဝမ်းမြောက်သော အသက်တာ ဖြစ်သည် (တ၊ ၇း၉)။ ကိုယ်တော်၏မျက်မှောက်တော် ရှိသောနေရာတိုင်းတွင် အခွင့်အာဏာ၊ အုပ်စိုးသော တန်ခိုးတော် ရှိသည်။ (က၊ ၃၉း၂-၅၊ ၂၁-၂၃)
      1. သခင်ဘုရား၏မျက်မှောက်တော်၌၊ ယောသပ်သည် ကိုယ်တော်အားဖြင့် အကြိမ်ကြိမ်အောင်မြင်ခဲ့သည်။ ယောသပ်သည် နှိပ်စက်ခြင်းကို တွေ့ကြုံရစဉ်တွင်၊ သူသည် သခင်ဘုရား၏ အချုပ်အခြာအာဏာအောက်တွင် သူ့ထံသို့ လာသော သခင်ဘုရား၏ ကြွယ်ဝခြင်းကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။
      2. သခင်ဘုရား၏မျက်မှောက်တော်၌၊ ယောသပ်သည် သူရှိသောနေရာတိုင်းတွင် သခင်ဘုရား၏ကောင်းချီးများဖြင့် မျက်နှာရခဲ့သည်။ ယောသပ်သည် ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်သောအခါ သူနှင့်ပါဝင်ပတ်သက်သော သူတို့သည်လည်း ကောင်းချီးခံစားရသည်-အငယ်၊ ၄-၅၊ ၂၂-၂၃။

E. သူ၏အိပ်မက်များသည် မပြည့်စုံသေးသော်လည်း ယောသပ်သည် ထောင်ထဲတွင် သူ့အဖော်နှစ်ယောက်၏ အိပ်မက်အနက်ကို ပြန်ခြင်းငှာ ယုံကြည်ခြင်းနှင့် ရဲရင့်မှုရှိခဲ့သည် (၄၀း၈)။ နောက်ဆုံးတွင် ယောသပ်သည် ဖလားတော်ဝန်၏ အိပ်မက်ကို အနက်ပြန်ရာ၌ (၄၁း၉-၁၃) ယုံကြည်ခြင်းအားဖြင့် ပြောဆိုခဲ့သောကြောင့် သွယ်ဝိုက်သောနည်းဖြင့် ထောင်ထဲမှ လွတ်မြောက်ရကာ၊ ဖာရော၏အိပ်မက်ကို အနက်ပြန်ရာတွင် ရဲရင့်စွာ ပြောဆိုခြင်းဖြင့် ပလ္လင်တော်သို့ တိုက်ရိုက်ကြိုဆိုခံခဲ့ရသည် (အငယ်၊ ၁၄-၄၆)။ လွတ်မြောက်ခြင်းနှင့် အခွင့်အာဏာနှစ်ခုလုံးသည် သူ၏ပြောဆိုခြင်းမှ ရောက်ရှိလာခဲ့သည်။

1. တစ်ချိန်က အင်ဒရူးမူရေးသည် ဤကဲ့သို့သော စကားတစ်ခွန်းကို ပြောဆိုခဲ့သည်- နှုတ်ကပတ်တော်၏အမှုဆောင် ကောင်းတစ်ဦးသည် သူတွေ့ကြုံခံစားခဲ့ရသည်ထက် အမြဲတမ်း ပို၍ အမှုဆောင်သင့်သည်။ ဤအရာက ကျွန်ုပ်တို့သည် ရူပါရုံ၏ ပြီးပြည့်စုံခြင်းထက်၊ ရူပါရုံအတိုင်း ပို၍ပြောဆိုသင့်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။
2. ကျွန်ုပ်တို့၏ရူပါရုံသည် မပြည့်စုံသေးသော်လည်း၊ ကျွန်ုပ်တို့သည် ၎င်းကို အခြားသူများထံသို့ ပြောသင့်ပါသည်။ အချိန်ရောက်လာသောအခါ ကျွန်ုပ်တို့၏ရူပါရုံသည် ပြည့်စုံလိမ့်မည်ဖြစ်သည်။ ယောသပ်၏အိပ်မက်သည် နောက်ဆုံးတွင် ဖလားတော်ဝန်၏ အိပ်မက်ကို အနက်ပြန်ဆိုခြင်းမှတဆင့် ပြည့်စုံခဲ့သည်။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခံစားချက်များအတိုင်း မဟုတ်ဘဲ ကျွန်ုပ်တို့၏ရူပါရုံအရသာ ပြောဆိုသင့်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်းကို မြင်သူများဖြစ်ကြသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံကိန်းရှိ သမ္မာတရားအတိုင်းသာ လုံးလုံး ပြောဆိုသင့်ပါသည်-တ၊ ၂၆း၁၆-၁၉။

F. ကျွန်ုပ်တို့သည် ခရစ်တော်ကို ရှင်ထွက်ကြပါက၊ ကျွန်ုပ်တို့ရှိသောနေရာတိုင်းတွင် ကျွန်ုပ်တို့သည် အသက်ရှင်ခြင်း သို့မဟုတ် သေခြင်းကို ယူဆောင်ကြလိမ့်မည် (၂ကော၊ ၂း၁၄-၁၆)။ ယောသပ်သည် ဖလားတော်ဝန်ထံသို့ အရင်အရာကို ယူဆောင်လာခဲ့ပြီး၊ သူသည် စားတော်ဝန်ထံသို့ စီရင်ခြင်းကို ယူဆောင်လာခဲ့သည် (က၊ ၄၁း၁၂-၁၃)။

G. ကျွန်ုပ်တို့သည် သခင်ဘုရားအား ရှာဖွေကြမည်ဆိုပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား "ထောင်" ထဲ၌ထည့်ထားလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ထောင်မပါဘဲ ပလ္လင်တော်သို့ တက်နိုင်ကြမည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် "ထောင်ကိုစွန့်ခွာသူ" များ မဖြစ်ရပေ။ ကျွန်ုပ်တို့သည် ထောင်ထဲ၌ ကျော်ပြီး၍ သရဖူရရှိသည့်တိုင်အောင် နေရမည်ဖြစ်သည်- ဖိ၊ ၃း၁။ ၄း၁။ ယာ၊ ၁း၁၂။

II. **"သန်သောပျိုးပင်တည်းဟူသော ယောသပ်သည် (က၊၄၉း၂၂) အကိုင်းအခက်တည်းဟူသော ခရစ်တော်ကို ပုံဆောင်သည် (ဟေရှာ၊ ၁၁း၁-၂)။ ယင်းမှာ ကိုယ်တော်၏အကိုင်းအခက်များဖြစ်သော သူ၏ယုံကြည်သူများအားဖြင့် ဘုရားသခင်ကို တိုးချဲ့ပြန့်ကားစေရန်အတွက်ဖြစ်သည် (ယော၊၁၅း၁၊ ၅)။ ကမ္ဘာဦး ၄၉း၂၂ ရှိ စမ်းရေတွင်းသည် အသီးအပွင့်ဖြစ်ထွန်းစေသည့် အရင်းအမြစ်တည်းဟူသော ဘုရားသခင်ကို ပုံဆောင်သည် (ဆာ၊ ၃၆း၉။ ယေ၊ ၂း၁၃)။ အခက်အလက်တို့သည် အုတ်ရိုးပေါ်မှာ ကျော်သွားကြ၏ ဆိုသည်မှာ ကိုယ်တော်၏အကိုင်းအခက်များဖြစ်သော ခရစ်တော်၏ ယုံကြည်သူများသည် အတားအဆီး အမျိုးမျိုးကို ကျော်လွှား၍ ခရစ်တော်ကို ပျံ့နှံ့စေခြင်း၊ အခြေအနေအမျိုးမျိုးအကြား၌ ကိုယ်တော်ကို ကြီးမားထင်ရှားစေခြင်းအား ပုံဆောင်သည် (ဖိ၊၁း၂၀။ ၄း၂၂။ ဖိလေ၊၁၀)။**

A. နန်းတက်စဉ်၌ ဘုန်းတော်နှင့် ဆုလက်ဆောင်များကို လက်ခံရရှိသော ယောသပ်သည် တက်ကြွခြင်း၌ဘုန်းတော် (ဟေဗြဲ၊၂း၉) နှင့် ဆုလက်ဆောင်များ (ဆာ၊၆၈း၁၈။တ၊၂း၃၃) ကို လက်ခံရရှိခဲ့သော ခရစ်တော်ကို ပုံဆောင်သည် (က၊၄၁း၄၂)။

1. လက်စွပ်တော်များ၊ အဝတ်များနှင့် ရွှေစလွယ် တို့သည် ကောင်းကင်များသို့ ခရစ်တော်တက်ကြွချိန်၌ လက်ခံရရှိခဲ့သော ဆုလက်ဆောင်များကို ဖော်ပြပြီး၊ ကိုယ်တော်သည် ၎င်းတို့ကို အသင်းတော်သို့ လက်ဆင့်ကမ်းပေးအပ်ခဲ့ပြီးဖြစ်သည်- အငယ်၊၄၂။
    a. တံဆိပ်ပါသော လက်စွပ်မှာ ခရစ်တော်၏ ယုံကြည်သူများအပေါ်နှင့် အတွင်းပိုင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ပုံဆောင်သည်-တ၊၂း၃၃။ ဧ၊၁း၁၃။ ၄း၃၀။ ညွှန်း၊ လု၊၁၅း၂၂။
    b. အဝတ်များသည် ဘုရားရှေ့တော်တွင် ကျွန်ုပ်တို့ဖြောင့်မတ်ရာသို့ ရောက်ရှိရန်အတွက် ကျွန်ုပ်တို့၏အပြင်ပိုင်းဆိုင်ရာ ဖြောင့်မတ်ခြင်း (၁ကော၊၁း၃၀။ ညွှန်း၊ ဆာ၊၄၅း၉၊ ၁၃။ လု၊ ၁၅း၂၂) နှင့် သိုးသငယ်၏ မင်္ဂလာဆောင်ပွဲ၌ ပါဝင်ဆက်ဆံထိုက်သူဖြစ်ခြင်းငှာ ကျွန်ုပ်တို့ဖြင့် ရှင်ထွက်သော အတွင်းပိုင်းဆိုင်ရာ ဖြောင့်မတ်ခြင်း ဖြစ်သည့် ခရစ်တော်ကို ပုံဆောင်သည် (ဖိ၊၃း၉။ ဆာ၊၄၅း၁၄။ ဗျာ၊ ၁၉း၇-၉)။

c. ရွှေစလွယ်သည် ဝန်ခံခြင်း၌ နာခံခြင်းကို ထင်ရှားရန် ပေးအပ်ထားသော သန့်ရှင်းသောဝိညာဉ်တော်၏ လုပခြင်းကို ပုံဆောင်သည် (ညွှန်း၊ တ၊၅း၃၂)။ လည်ပင်း၌ လွယ်သော ရွှေစလွယ်မှာ ဘုရားသခင်၏ မိန့်တော် မူသမျှကို နာခံရန် ဖိနှိပ်ခြင်းနှင့် အောင်မြင်ခြင်းခံရသော အလိုဆန္ဒကို ပုံဆောင်သည် (က၊၄၁း၄၂။ ညွှန်း၊ သီ၊၁း၁၀။ သု၊၁း၈-၉)။

2. ဝိညာဉ်ရေးဆိုင်ရာ အတွေ့အကြုံအရ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းအတွက် တံဆိပ်ခတ်သော ဝိညာဉ်တော်ကို ရှေးဦးစွာ လက်ခံရရှိကြသည်။ ထို့နောက် ဖြောင့်မတ်ခြင်းအဝတ်ကို လက်ခံရရှိ၍ ခရစ်တော်ကိုအသက်ရှင်လာကြသည် (ဂလ၊ ၂း၂၀။ ဖိ၊ ၁း၂၀-၂၁က)။ ခရစ်တော်ကို အသက်ရှင်နိုင်ရန်အတွက် ကျွန်ုပ်တို့၏လည်ပင်းသည် ရွှေစလွယ် လွယ်ထားရမည်၊ ကျွန်ုပ်တို့၏အလိုဆန္ဒသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖိနှိပ်ခြင်းခံရမည် ဖြစ်သည်။

B. သေခြင်း၏ထောင်မှ ရှင်ပြန်ထမြောက်ပြီး၊ တက်ကြွခြင်း၏အနေအထားသို့ ခေါ်ဆောင်ခံရပြီးနောက်၊ ယောသပ်သည် အစ္စရေး လူမျိုးများအားဖြင့် ငြင်းပယ်ခံရချိန်တွင် တစ်ပါးအမျိုးသားများအလယ်မှ ရယူထားသော အသင်းတော်ကို ပုံဆောင်သည့် အာသနတ် နှင့် လက်ထပ်ခဲ့သည် (က၊၄၁း၄၅)။ ယောသပ်သည် သားဦးကို မနာရှေ ("မေ့ပျောက်ရန် လုပ်ကြောင်း" ကို ဆိုလိုသည်) အမည်ဖြင့် မှည့်ခဲ့ပြီး၊ နောက်ရသောသားကို ဧဖရိမ် ("အသီးအပွင့်နှစ်ဆ" ဟုဆိုလိုသည်) အမည်ဖြင့် မှည့်ခဲ့သည်။ ယောသပ်က "ငါခံရသမျှသော ပင်ပန်းခြင်းနှင့် ငါ့အဖ၏အိမ်သား အပေါင်းတို့ကို ငါမေ့စေခြင်းငှာ ဘုရားသခင် ပြုတော်မူပြီ" "ဘုရားသခင်သည် ငါဆင်းရဲခံရသော ပြည်၌ငါ့ကို များစွာသီးပွင့်စေတော်မူပြီ "ဟူ၍ ကြွေးကြော်ခဲ့လေသည် (အငယ်၊ ၅၁-၅၂)။

**III. ယောသပ်၏အသက်တာမှတ်တမ်းသည် ဝိညာဉ်တော်၏အုပ်စိုးခြင်းအရာ၏ ဖွင့်ပြခြင်းဖြစ်သည်။ ဝိညာဉ်တော်၏ အုပ်စိုးခြင်းအရာသည် ရင့်ကျက်သော သန့်ရှင်းသူ၏စိုးစံခြင်းပုံပန်းသဏ္ဌာန် ဖြစ်သည်။ ဝိညာဉ်တော်၏ အုပ်စိုးခြင်း အရာသည် (အသက်၌စိုးစံခြင်း၏ အသက်၊ ဘုရားသခင့်နိုင်ငံတော်၏စစ်မှန်ခြင်း၌ရှိသော ဘုရားအသက်၏ ကန့်သတ်မှုအောက်တွင်ရှိခြင်း) ဝိညာဉ်တော်၏ အခြားသော ပုံပန်းသဏ္ဌာန်များထက် ပို၍မြင့်မားသည်-ရော၊ ၅း၁၇၊ ၂၁။ ၁၄း၁၇-၁၈။ ညွှန်း၊ ၂ကော၊ ၃း၁၇-၁၈။ ၂တိ၊၄း၂၂။ ဗျာ၊ ၄း၁-၃။**

A. ယောသပ်၌ အစ်ကိုများအတွက် လူသားခံစားချက်များနှင့် စိတ်ဇော အပြည့်ရှိသော်လည်း၊ သူသည် ခံစားချက်များအားလုံးကို ဝိညာဉ်တော်၏အုပ်စိုးမှုအောက်၌ ထိန်းထားခဲ့သည်။ သူသည် မြေကြီးပေါ်တွင် ဘုရားသခင်၏ သက်သေခံချက်အဖြစ် အတူတကွ စုပေါင်းအသက်ရှင်သော လူများဖြစ်လာရန် အစ်ကိုများ၏ လိုအပ်မှုအရ သူတို့ကို စုံလင်စေရန်နှင့် တည်ဆောက်ပေးရန် တည်ကြည်စွာ၊ ပညာရှိစွာ၊ ပိုင်းခြားနားလည်မှုဖြင့် ဆုံးမလျက်၊ ဆက်ဆံဖြေရှင်းခဲ့သည်။ ယောသပ်၏အသက်တာ၌ ထင်ရှားခဲ့သောအသက်သည် ရှင်ပြန်ထမြောက်ခြင်းအသက်၊ ဘုရားသခင်၏အသက်ဖြစ်သည်-က၊ ၄၂း၉၊ ၂၄။ ၄၃း၃၀-၃၁။ ၄၅း၁-၂၊ ၂၄။

B. ဘုရားသခင်၏ကန့်သတ်မှုအောက်၌ ယောသပ်၏အသက်ရှင်ခြင်းမှာ ဘုရားဆိုင်ရာအသက်၏ ရင့်ကျက်မှုနှင့် စုံလင်မှုကို ထင်ရှားစေ၍၊ ဘုရားသခင်၏နိုင်ငံတော်ကို ဆောင်ယူလာခဲ့သော ခရစ်တော်၏ လူသားအသက်ရှင်ခြင်းကို ဖော်ပြသည်-ယော၊ ၅း၁၉၊ ၃၀။ ၇း၁၆၊ ၁၈။ ၁၄း၁၀။ မဿ၊ ၈း၉-၁၀။

C. ယောသပ်သည် သူ၏အစ်ကိုများနှင့်ဆက်ဆံဖြေရှင်းရာ၌၊ အစ်ကိုများအတွက် ချစ်ခြင်းမေတ္တာနှင့်အတူ ငြိမ်သက်သောအသက်တာ၊ တည်ကြည်သောအသက်တာနှင့် မြော်မြင်သောအသက်တာကို ရှင်ခဲ့ကြောင်း ကျွန်ုပ်တို့မြင်ကြသည်- နိုင်ငံတော်အသက်တာကို လေ့ကျင့်ခြင်းဖြစ်သော အတ္တကိုငြင်းပယ်ခြင်းအသက်-က၊ ၄၅း၂၄။ မ၊ ၁၆း၂၄။ ၂ရာ၊ ၁း၁၀။ ဟေရှာ၊ ၃၀း၁၅က။ ဖိ၊ ၁း၉။ ၁တိ၊ ၅း၁-၂။ ၁သက်၊ ၃း၁၂။ ၄း၉။ ၂သက်၊ ၁း၃။ ရော၊ ၁၂း၁၀။ ၁ယော၊ ၄း၉။ ဟေဗြဲ၊ ၁၃း၁။

D. အစွမ်းထက်ဆုံးသောပုဂ္ဂိုလ်ဆိုသည်မှာ သူလုပ်ဆောင်နိုင်သောအရာကို မလုပ်ဆောင်ရန် ခွန်အားရှိသူဖြစ်သည် - ဤသည်မှာ အတ္တကို အမှန်တကယ်ငြင်းပယ်ခြင်းနှင့် ကားတိုင်ကို စစ်မှန်စွာ ယူဆောင်ခြင်းဖြစ်သည် - မ၊ ၁၆း၂၄။ ညွှန်း၊ ၂၆း၅၃။ ၂ကော၊ ၂း၁၂-၁၆။

E. ယောသပ်၏ နားလည်သဘောပေါက်ခြင်းမှာ သူ့အား အီဂျစ်ပြည်သို့ ပို့ဆောင်ခဲ့သူသည် ဘုရားသခင်ဖြစ်ကြောင်းပင်တည်း။ ကမ္ဘာဦး ၅၀း၂၀ ၌ သူသည် သူ၏အစ်ကိုများအား "သင်တို့သည် ကျွန်ုပ်၌ မကောင်းမှုကို ပြုမည်ဟု ကြံကြသော်လည်း၊ ဘုရားသခင်သည် ကောင်းကျိုးအတွက် ကြံတော်မူ၏" (၄၅း၅၊ ၇။ ၅၀း၁၉-၂၁။ ညွှန်း၊ ၄၁း၅၁-၅၂) ဟု ပြောဆိုခဲ့သည်။ ဤအရာသည် ရောမ ၈း၂၈-၂၉ ၌ ပေါလုပြောခဲ့သောစကား၏ စစ်မှန်ခြင်းပင် ဖြစ်သည်။ ယောသပ်သည် သူ့အပေါ် အစ်ကိုများ ပြုမူခဲ့သမျှသည် ဘုရားသခင်ထံက လာကြောင်းကို ခံယူခဲ့၍၊ သူ့အား ကျူးလွန်ခဲ့သူများကို နှစ်သိမ့်မှုပေးခဲ့သည် (က၊ ၄၅း၅-၈။ ၅၀း၁၅-၂၁)။ မည်မျှ ကျေးဇူး ကြွယ်ဝ၍၊ ထူးကဲသာလွန်သောဝိညာဉ် ရှိသူပါတကား။

F. သူ့အား အီဂျစ်ပြည်သို့ ပို့ဆောင်သူခဲ့သူမှာ ဘုရားသခင်ဖြစ်ကြောင်းကို ယောသပ်၏နားလည်သဘောပေါက်ခြင်းမှာ (သူ၏ အစ်ကိုများသည် သူ့အား မကောင်းမှုကိုပြုမည်ဟု ကြံစည်ခဲ့သော်လည်း) ရောမသြဝါဒစာ ၈း၂၈-၂၉ တွင် ပေါလုပြောခဲ့သော စကား၏စစ်မှန်ခြင်းဖြစ်သည်။

G. ယောသပ်သည် သူ၏အစ်ကိုများကို ခွင့်လွှတ်စရာမလိုပေ။ အကြောင်းမှာ သူသည် သူတို့ကို အပြစ်မတင်ခဲ့သောကြောင့် ဖြစ်သည်။ သူ့အပေါ် အစ်ကိုများ ပြုမူခဲ့သမျှသည် ဘုရားသခင်ထံက လာကြောင်းကို ခံယူခဲ့၍၊ သူ့အားကျူးလွန်ခဲ့သူများကို နှစ်သိမ့်မှု ပေးခဲ့သည် (က၊ ၄၅း၅-၈။ ၅၀း ၁၅-၂၁)။ မည်မျှ ကျေးဇူးကြွယ်ဝ၍၊ ထူးကဲသာလွန်သောဝိညာဉ်ရှိသူပါတကား။

IV. **ယောသပ်သည် ဆင်းရဲဒုက္ခခံ၍ မိမိကိုယ်ကိုငြင်းပယ်ခဲ့သောကြောင့် သူသည် အသက်မစမှု၏ ကြွယ်ဝခြင်းများကို ရရှိခဲ့သည် (ဓမ္မသီချင်း၊ ၆၃၅)။ ခရစ်တော်ကို ပုံဆောင်ချက်အဖြစ် သူ့ထံမှ အစားအစာရရှိရန်အတွက် လူများသည် သူတို့၏ငွေ၊ သူတို့၏ မွေးမြူရေးတိရစ္ဆာန်၊ သူတို့၏မြေနှင့် သူတို့ကိုယ်တိုင် တည်းဟူသော အဖိုးအခလေးမျိုးကို ပေးရကြသည်-၄၇း၁၄-၂၃။ ညွှန်း၊ ဗျာ၃း၁၈။**

A. ငွေသည် အဆင်ပြေမှုကို ကိုယ်စားပြု၍၊ မွေးမြူရေးတိရစ္ဆာန်မှာ အသက်ရှင်ခြင်းနည်းလမ်းများကို ပုံဆောင်ကာ၊ မြေသည် သယံဇာတ အရင်းအမြစ်များကို ကိုယ်စားပြုသည်။ သခင်ဘုရားထံမှ အသက်မစရာကို လက်ခံလိုပါက၊ ကျွန်ုပ်တို့၏ အဆင်ပြေခြင်း၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းနည်းလမ်း၊ ကျွန်ုပ်တို့၏ သယံဇာတ အရင်းအမြစ်များကို ပေးအပ်ကြရမည် ဖြစ်သည်။ ကိုယ်တော်ထံ ပေးအပ်လေလေ၊ ကိုယ်တော်ထံမှ အသက်မစမှုကို လက်ခံရရှိလေလေဖြစ်သည်။

B. အဆုံးစွန်အနေဖြင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် အစားအစာနှင့် မျိုးပွားခြင်းအတွက် (က၊ ၄၇း၂၃) မျိုးစေ့အပါအဝင် ဖြစ်သော အကောင်းဆုံးသောဝေစုကို သခင်ဘုရားထံမှ လက်ခံရရှိရန်အတွက် ကျွန်ုပ်တို့၏ အစိတ်အပိုင်းအားလုံးကို ကိုယ်တော်ထံ အပ်နှံရမည် ဖြစ်သည် (ဝတ်၊ ၁း၄)။

C. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအစိတ်အပိုင်းတိုင်းကို ကိုယ်တော်ထံသို့ ပေးအပ်ခြင်းအားဖြင့် အမြင့်ဆုံးသောအဖိုးအခကို ပေးကြသောအခါ၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ အကောင်းဆုံးသော ဝေစုကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ကြသည်။

V. **ယောသပ်အပေါ်၌ရှိသော စကြဝဠာဆိုင်ရာ ကောင်းချီးသည် ယေရုရှလင်မြို့သစ်၌ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ယင်း၌ အရာအားလုံးသည် ခရစ်တော်နှင့် သူ၏ယုံကြည်သူများအဖို့ ကောင်းချီး ဖြစ်လာလိမ့်မည်ဖြစ်သည်-က၊၄၉း၂၅-၂၆။ တရား၊ ၃၃း၁၃-၁၆။ ဗျာ၊ ၂၁း၅။**

A. ပုံသဏ္ဍာန်ပြောင်းလဲခြင်းဆိုသည်မှာ အသစ်သောဘုရားအသက်ဖြင့် အတွင်းပိုင်း ဒြပ်သဘာဝများပြောင်းလဲခံရခြင်း ဖြစ်ပြီး၊ ရင့်ကျက်ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့ကို ပြောင်းလဲပေးသော အသစ်သောဘုရားအသက်နှင့် ပြည့်ဝခြင်းဖြစ်ကာ၊ ကောင်းချီးပေးခြင်းသည် အသက်လျှံထွက်စီးဆင်းခြင်း ဖြစ်သည်။ ယောသပ်နှင့်အတူ ယာကုပ်၏ အသက်တာအဆုံးပိုင်းသည် သူ၏ ထွန်းလင်းတောက်ပခြင်းအထွတ်အထိပ်ဖြစ်သော ကောင်းချီးပေးသောအသက်တာ ဖြစ်ခဲ့သည်-သု၊ ၄း၁၈။ ဟေဗြဲ၊ ၁၁း၂၁။ က၊ ၄၇း၇။ ၄၈း၁၅-၁၆။

B. ဘုရားသခင်တစ်ပါးတည်းသာလျှင် အသစ်ဖြစ်သည်။ ဘုရားသခင်ထံမှ ဝေးကွာသောအရာမှန်သမျှသည် ဟောင်းသောအရာဖြစ်သည်၊ သို့သော်လည်း ဘုရားသခင်ထံသို့ လှည့်ပြန်လာသမျှသည် အသစ်ဖြစ်သည် (၂ကော၊ ၅း၁၇)။ အသစ်ပြုပြင်ခြင်း ခံရန်ဆိုသည်မှာ ဘုရားသခင်ထံပြန်လာ၍ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်၏တစ်စုံတစ်ရာကို ထည့်ရန်ဖြစ်သည်၊ ထိုမှသာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အသက်တာအတွက် ဘုရားသခင်နှင့်အတူ ရောနှောပေါင်းစည်း၍ ဘုရားသခင်နှင့် တစ်လုံးတစ်ဝ ရှိနိုင်ကြမည် ဖြစ်သည် (၄း၁၆၊ ရော၊ ၁၂း၁-၂)။

C. အသစ်သောကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာဖြစ်သည့် ဘုရားသခင်ကိုရရှိခြင်း၏လျှို့ဝှက်ချက်မှာ အရာခပ်သိမ်းအား ဘုရားသခင်ထံသို့ ယူဆောင်လာရန်နှင့် အရာခပ်သိမ်းအထဲသို့ ကိုယ်တော်အား ဝင်ခွင့်ပြုရန် ဖြစ်သည်။ ယောသပ်အပေါ်၌ရှိသော စကြဝဠာဆိုင်ရာကောင်းချီးဆိုသည်မှာ ကောင်းချီးမင်္ဂလာသည် နေရာတိုင်းတွင် ရှိကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ချီးမွမ်းခြင်းများသည် ကျိန်ခြင်း၏အရာများအားလုံးကို ကောင်းချီးမင်္ဂလာအဖြစ်သို့ ပြောင်းလဲစေသည်-ဧ၊ ၅း၂၀။ ၁သက်၊ ၅း၁၆-၁၈။

© 2023 Living Stream Ministry

Message Six

## ခရစ်တော်ရှေ့ရှုထားသော ဝမ်းမြောက်ခြင်းနှင့် ကျွန်ုပ်တို့ရှေ့ရှုထားသော ဝမ်းမြောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဟေဗြဲ၊၁၂း၂။ ကော၊၂း၁၅။ ဗျာ၊၁၉း၇-၉။ နေ၊၈း၁၀ᐟ

**I. ကျွန်ုပ်တို့၏ယုံကြည်ခြင်း လက်ရာရှင်နှင့် စုံလင်စေတော်မူသောအရှင် တည်းဟူသော သခင်ယေရှုသည် မိမိရှေ့ရှုထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ "ရှက်ကြောက်သောအရာကို မမှတ်ဘဲ၊ လက်ဝါးကပ်တိုင်၌ ခံ တော်မူခဲ့သည်"- ဟေဗြဲ၊၁၂း၂။**

A. သခင်ဘုရားသည် အသင်းတော်ကို ချစ်တော်မူ၍၊ သူမအဖို့ မိမိကိုယ်ကို ပေးအပ်တော်မူခဲ့သည် - ဧ၊၅း၂၅။

B. ကားတိုင်ပေါ်တွင် သခင်ဘုရားသည် အပြစ်များအတွက် လူများအပြစ်ကို ခံရန်၊ ယုံကြည်သူများအတွက်ကြောင့် မိမိကိုယ်ကို အပြစ်ဖြစ်စေရန်၊ ဤလောကကို အစိုးရသောမင်းကို ပြင်သို့ နှင်ထုတ်ရန်နှင့် ဤလောကကို တရားစီရင်ရန် မိမိကိုယ်ကို ယဇ် အဖြစ်လည်းကောင်း၊ ဘုရားဆိုင်ရာအသက်ကို လွတ်မြောက် စေခြင်းအတွက် သေခြင်းအထဲသို့ကျသော ဂျုံစပါးမျိုးစေ့အဖြစ် လည်းကောင်း ပူဇော်ခဲ့သည် - ဟေဗြဲ၊ ၉း၂၈။ ၁ပေ၊၂း၂၄။ ၂ကော၊၅း၂၁။ ယော၊၁၂း၃၄၊ ၃၁။

C. ကောလောသဲ ၂း၁၅သည် ခရစ်တော်၏ ကားတိုင်ပေါ်တွင် အသေခံသောအချိန်၌ ဖြစ်ပွားခဲ့သည့် စစ်ပွဲကို ဖော်ပြသည်။

1. ကိုယ်တော်၏ အသေခံခြင်း၌ ခရစ်တော်သည် ရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံရန် လုပ်ဆောင်ခဲ့ပြီး၊ ခမည်းတော်ဘုရား သည် အပြစ်ကို စီရင်ရန် လုပ်ဆောင်ခဲ့သည်။

2. ထိုအချိန်မှာပင် အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များသည် ဘုရားသခင်နှင့် ခရစ်တော်၏ အလုပ်ကို နှောင့် ယှက်ဖို့ ကြိုးပမ်းအားထုတ်ရာတွင် အလုပ်များခဲ့ကြသည် - အငယ်၊၁၅။

3. အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များမှာ ဆိုးညစ်သော ကောင်းကင်တမန်များ၊ ကျဆင်းသွားသော ကောင်း ကင်တမန်များ ဖြစ်ကြပြီး၊ သူတို့သည် စာတန်အတွက် လုပ်ဆောင်ပေးသည့် လက်အောက်ခံများ ဖြစ်ကြသည် - ဧ၊၂း၂။

4. ဘုရားသခင်သည် အပြစ်ကို စီရင်နေစဉ်တွင်၊ ဆိုးညစ်သော အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များသည် အသေခံတော်မူသော ခရစ်တော်အနီးသို့ ရောက်ရှိနေပြီး အလွန်တက်ကြွစွာ လှုပ်ရှားလျက်၊ စုပြုံတိုး၍ အလွန်နီးနီး ကပ်ကပ် ဖိနှိပ်ထားခဲ့ကြသည် - ကော၊၂း၁၅။

a. သူတို့သည် နီးနီးကပ်ကပ် မဖိနှိပ်ထားခဲ့လျှင်၊ ဘုရားသခင်သည် သူတို့အား ချွတ်ခွာနိုင်မည် မဟုတ် ပါ။

b. "ချွတ်ခွာ" ဟူသော စကားလုံးက ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့် ကျွန်ုပ်တို့၏အဝတ်သည် ကပ်နေသကဲ့သို့၊ အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များသည်လည်း အလွန် နီးကပ်နေခဲ့ကြသည် ကို ညွှန်ပြသည်။

5. အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များကို ချွတ်ခွာခြင်း၌ ဘုရားသခင်သည် သူတို့အား ထင်ရှားစွာ ထုတ်ပြ၍ အရှက်ရစေကာ၊ ကားတိုင်၌ သူတို့အပေါ် အောင်ပွဲကို ခံတော်မူခဲ့သည် - အငယ်၊ ၁၅။

**II. ကျွန်ုပ်တို့ရှေ့ရှုထားသော ဝမ်းမြောက်ခြင်းမှာ မိမိကိုယ်ကို အဆင်သင့်ဖြစ်စေသော သတို့သမီးအတွက် ကြွလာမည့် သတို့သား တည်း ဟူသော သခင်ယေရှု ဖြစ်သည် - ဗျာ၊၁၉း၇-၉။**

A. သတို့သမီး၏ ကြီးရင့်ခြင်း - အငယ်၊၇-၉။ ဧ၊၄း၁၃-၁၅။

1. စုပေါင်းထားသော သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းမှာ အောင်မြင်သူများ၏ အသက်၌ ကြီးရင့်ခြင်းအပေါ်တွင် မူတည် သည် - ဗျာ၊၁၉း၇။ ဟေဗြဲ၊၆း၁။ ဖိ၊၃း၁၂-၁၅။ ဧ၊၄း၁၃။

2. ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရရန် ကျွန်ုပ်တို့၏ ဇာတိအသက်၌ ဇီဝဖြစ်စဉ်ဖြင့် ပြောင်းလဲခြင်းခံရမည်ဖြစ်သည်၊ ကြီးရင့်ခြင်း ရှိရန်မှာ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော ဘုရားဆိုင်ရာအသက်နှင့် ဖြည့်ခြင်းခံရန် ဖြစ်သည် - ဟေဗြဲ၊၆း၁။

B. သတို့သမီး၏ တည်ဆောက်ခြင်း - မ၊၁၆း၁၈။ ဧ၊၂း၂၁-၂၂။ ၄း၁၅-၁၆။

1. ဘုရားသခင်၏ တည်ဆောက်ခြင်းမှာ ဘုရားသခင် စိတ်နှလုံးတော်၏ အလိုဆန္ဒနှင့် ဘုရားသခင့် ကယ်တင်ခြင်း၏ပန်းတိုင် ဖြစ်သည် - ၁း၅။ ထွက်၊၂၅း၈။ ညွှန်း၊ ၁း၁၁။ ၄၀း၂-၃၊ ၃၄-၃၅။

2. သခင်ဘုရား ပြန်လည်ရယူခြင်း၏ ပန်းတိုင်မှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်နှင့် အရာခပ်သိမ်းအဖြစ် ပြန်လည်ရယူရန် ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် တည်ဆောက်ခံရနိုင်မည်ဖြစ်သည် - ဧ၊၃း၈။ ၄း၁၆။
3. ဘုရားသခင်၏ တည်ဆောက်ခြင်းမှာ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထားသော ထင်ရှားခြင်း ဖြစ်သည် - ၁တိ၊၃း၁၅-၁၆။ ယော၊၁၇း၂၂။ ဧ၊၃း၁၉၊ ၂၁။

C. သတို့သမီး၏ ဖြောင့်မတ်ခြင်း - ဗျာ၊၁၉း၇-၉။ မ၊၅း၂၀။ ၂၂း၁၁-၁၃။
1. ကျွန်ုပ်တို့၏ အတွင်းပိုင်း ဖြောင့်မတ်ခြင်းတည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အသက်အဖြစ် အသက်ရှင်ရန် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသောအရှင် ဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ရှိနိုင်ရန်နှင့် အမြဲတမ်း ဘုရားသခင်၏ လက်ခံဖွယ်ကောင်းသော အသက်တာရှိရန် ဖြစ်သည် - ၅း၆၊ ၂၀။
2. ဘုရားနှင့် လူ နှစ်ဦးလုံးနှင့် မှန်ကန်သော အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ ဘုရားသခင်ကို ကျွန်ုပ်တို့၏ ထင်ရှားခြင်း ဖြစ်ရမည်ဖြစ်သည် - ၂ကော၊၃း၉။ ဧ၊၄း၂၄။ ကော၊၃း၁၀။
3. သူတို့၏ အတွင်းပိုင်း ဖြောင့်မတ်ခြင်းအဖြစ် သန့်ရှင်းသူများ ရှင်ထွက်သော ခရစ်တော်သည် သူတို့၏မင်္ဂလာဆောင် ဝတ်ရုံ ဖြစ်လာသည် - ဗျာ၊၁၉း၈။
4. မဿဲ ၂၂း၁၁-၁၃၌ မင်္ဂလာဆောင် ဝတ်ရုံသည် ကျွန်ုပ်တို့၏ သာလွန်ကောင်းမွန်သော ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့၏ နေ့စဉ် အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့မှ ရှင်ထွက်သော ခရစ်တော်၊ ကျွန်ုပ်တို့မှတဆင့် ထင်ရှားသော ခရစ်တော်ကို ပုံဆောင်သည် - မ၊၅း၂၀။ ဗျာ၊၃း၄-၅၊ ၁၈။

D. သတို့သမီး၏ လှပခြင်း - ဧ၊၅း၂၅-၂၇။
1. သတို့သမီးတည်းဟူသော အသင်းတော်သည် လှပခြင်းကို လိုအပ်သည်၊ ဧဖက် ၅ ၌ လှပခြင်းမှာ သတို့သမီးကို တင်ဆက်ပြသခြင်းအတွက် ဖြစ်သည်။
2. သတို့သမီး၏ လှပခြင်းသည် အသင်းတော်အတွင်း၌ ပြုပြင်သော၊ အသင်းတော်မှတဆင့် ထင်ရှားသော ခရစ်တော်ထံမှ လာသည် - ၃း၁၇က။
   a. ကျွန်ုပ်တို့၏ လှပမှုမှာ ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်၏ ထွန်းလင်းခြင်းမှ ဖြစ်သည်။
   b. ကျွန်ုပ်တို့၌ ခရစ်တော် လက်ခံသောအရာမှာ သူကိုယ်တော်တိုင်၏ ထင်ရှားခြင်း ဖြစ်သည်။

E. ဧဖက် ၆ နှင့် ဗျာဒိတ် ၁၉ သည် သတို့သမီးတည်းဟူသော အသင်းတော်မှာ ဘုရားသခင်၏ ရန်သူကို ချေမှုန်းမည့် စစ်သူရဲလည်း ဖြစ်ကြောင်း ဖွင့်ပြထားသည်။
1. ဝိညာဉ်ဆိုင်ရာစစ်ပွဲမှာ ကိုယ်ခန္ဓာတော်၏ အကြောင်းအရာ ဖြစ်သည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ စိတ်ဝင်စားမှုအတွက် စစ်ပွဲကို တိုက်ခိုက်မည့် စုပေါင်းထားသော စစ်တပ်ဖြစ်သည် - ၁၇း၁၄။ ၁၉း၁၄။ ညွှန်း၊ ၂တိ၊၂း၄။
2. ဧဖက် ၅ ရှိ စကားမှာ သတို့သမီးကို လှပတင့်တယ်ခြင်းသို့ ဆောင်ယူပေးသော အာဟာရအတွက် ဖြစ်သည်၊ သို့သော် ဧဖက် ၆ ရှိ စကားမှာ ဝိညာဉ်ဆိုင်ရာ စစ်ပွဲ၌ ပါဝင်မည့် စုပေါင်းထားသော စစ်သူရဲတည်းဟူသော အသင်းတော်က လုပ်ဆောင်မည့် သတ်ဖြတ်ခြင်းအတွက် ဖြစ်သည် - အငယ်၊၁၇-၁၈။
3. ခရစ်တော်သည် အာမဂေဒုန်အရပ်၌ အန္တိခရစ်ကို ဆန့်ကျင်တိုက်ခိုက်ရန် သူ၏ စစ်တပ်တည်းဟူသော သူ၏သတို့သမီးနှင့် အတူ စစ်သူကြီးအဖြစ် ကြွလာလိမ့်မည် - ဗျာ၊၁၉း၁၁-၂၁။
4. မင်္ဂလာဆောင် ဝတ်ရုံတည်းဟူသော - ကျွန်ုပ်တို့၏ နေ့စဉ် ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့မှ ရှင်ထွက်သော ခရစ်တော်သည် ကျွန်ုပ်တို့အား မင်္ဂလာဆောင်ပွဲကို တက်ရောက်စေရန်သာမက၊ အာမဂေဒုန်အရပ်ရှိ စစ်ပွဲ၌ အန္တိခရစ်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ ခရစ်တော်နှင့်အတူ စစ်တပ်တွင် ပါဝင်ရန်လည်း အရည်အချင်းပြည့်မီစေသည် - မ၊၂၂း၁၁-၁၃။ ဗျာ၊၁၉း ၇-၈၊ ၁၄။

## III. “ယေဟောဝါ၏ ဝမ်းမြောက်ခြင်းသည် သင်တို့၏ ခွန်အားဖြစ်၏” - နေ၊၈း၁၀။

A. နေဟမိ ၈း၁၀ အရ ကျွန်ုပ်တို့၏ သခင်ဘုရားကို ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အား ဖြစ်သည်။

1. ၎င်းမှာ ကျွန်ုပ်တို့၌ရှိသော ခွန်အား၏ အကြောင်းအရာမဟုတ်ပါ၊ ကိုယ်တော်၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ထိန်းသိမ်းပေးသည် - ၁သက်၊၅း၁၆။
2. သခင်ဘုရားကို ဝမ်းမြောက်ခြင်းမှာ အခြေအနေများနှင့် မသက်ဆိုင်ပေ၊ ကိုယ်တော်သည် ဘုရားသခင်၏ အလိုတော်၌ ဝမ်းမြောက်ခဲ့သည်၊ ယင်းမှာ ဘုရားသခင်၏ အလိုတော်ကို သိခြင်းနှင့် လုပ်ဆောင်ခြင်း၌ ဝမ်းမြောက်ခြင်း ဖြစ်သည်။
3. ကျွန်ုပ်တို့သည် သခင်ဘုရားကို ပုံတူကူးရန် မကြိုးစားသင့်ဘဲ၊ သခင်ဘုရား၏ ဝမ်းမြောက်ခြင်းကို လက်ခံရရှိရမည်။
   a. ကျွန်ုပ်တို့၌ ကျွန်ုပ်တို့ထံသို့ ထည့်သွင်းပေးထားသည့် သခင်ဘုရား၏ တစ်စုံတစ်ရာ ရှိသည်။
   b. ကျွန်ုပ်တို့၌ သခင်ဘုရား၏ ဝမ်းမြောက်ခြင်း ရှိနိုင်သည်၊ ကိုယ်တော်၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အား ဖြစ်လိမ့်မည်ဖြစ်သည်။

B. အသက်တာ၏ အဆုံး၌ ဝေါ့ချ်မန်နီးက သူ၏ဒုက္ခဆင်းရဲများအလယ်တွင် "ကျွန်ုပ်သည် ကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို စောင့်ထိန်းထားပါသည်"ဟု ပြောဆိုခဲ့သည် - Watchman Nee – a Seer of the Divine Revelation in the Present Age, p. 182.

C. *ကျွန်ုပ်သည် ကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို စောင့်ထိန်းထားပါသည်* ဟူသည်မှာ သူသည် ဖိလိပ္ပိ ၄း၄ ၌ "သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့" ဟူသော တမန်တော် ပေါလု၏စကားကို လက်တွေ့ယူဆောင်ခြင်း ဖြစ်သည်။

D. ဘုရားသခင်၏ ကရုဏာတော်နှင့် ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ခွန်အားတည်းဟူသော သခင်ဘုရား၏ ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းကို ထိန်းသိမ်းထားနိုင်ကြပါစေသော။

*© 2023 Living Stream Ministry*